# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday 18 October 2019 ၉၈၀၆


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် မျက်နှာစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

**ကြိုဆိုနှုတ်ဆက်**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီသည် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့သည် ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ရေး၊ ခရီးသွားနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ Communication Sector ထူထောင်ရေး၊ နှစ်နိုင်ငံသတင်းအချက်အလက်များ ဖလှယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၂၀ပြည့်နှစ်တွင် နီပေါနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ညီလာခံသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ရေး၊ ၂၀၂၀ပြည့်နှစ်တွင် ကျရောက်မည့် နှစ်နိုင်ငံ

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪




ကြေးမုံ

## လူသားဆန်သည့် နိုင်ငံ့သားကောင်း

အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ဖို့သာမက လူသားပီသသည့် နိုင်ငံသားကောင်းများ၊ ကမ္ဘာသူကမ္ဘာသားကောင်းများ ဖြစ်လာစေရေးကိုလည်း ပဲ့ကိုင်ထိန်းကျောင်းပေးဖို့လိုအပ်ကြောင်း နေပြည်တော်တွင်ကျင်းပသည့် ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး ဖန်တီးရာတွင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊အတတ်ပညာရှင် အမြောက်အမြားလိုအပ်သည်။ ထိုအရင်းအမြစ်များပေါ်ထွက်လာရန် အခြေခံဌာနမှာ ပညာရေးဖြစ်သည်။ ပညာရေးကဏ္ဍဟန်ချက်ညီညီ နိုင်ငံတကာအဆင့်မီမီ ဖွံ့ဖြိုးတိုးတက်မှ ထူးချွန်ထက်မြက်သည့် အရင်းအမြစ်များပေါ်ထွက်မည်။

ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ပြည်ထောင်စုကြီး အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊စစ်မှန်သည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် စွမ်းရည်ထက်မြက်သည့် လူငယ်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ ထိုအရေးပါသောအရင်းအမြစ်ကို အရည်အသွေးမြင့်မားသည့် ပညာရေးကသာ မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ပညာရေးကို ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည်။

စွမ်းရည်ထက်မြက်သည့် အရင်းအမြစ်များ ကဏ္ဍအလိုက်၊ ဘာသာရပ်အလိုက် များများစားစားပေါ်ထွန်းမှသာ နိုင်ငံနှင့်လူမျိုး၏ လိုအပ်ချက်များကို ထောင့်စေ့အောင် အကောင်အထည်ဖော် နိုင်မည်ဖြစ်သည်။ ထောင့်စေ့အောင် အကောင်အထည်ဖော်ရာ၌လည်း နိုင်ငံတကာအရည်အသွေးမီ၊ အဆင့်မီအောင် ကြိုးပမ်းအကောင်အထည်ဖော်ရသည်။ ထို့အပြင်စိတ်ဓာတ်နှင့် ခံယူချက် ကောင်းမွန်မှန်ကန်သည့် လူကောင်းများလည်း ဖြစ်ဖို့လိုသည်။

မြန်မာတို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် လူကောင်းလူတော်ကိုသာ အလိုရှိကြသည်။ လူကောင်းသော်လည်း လူတော်မဖြစ်ပြန်လျှင် အလုပ်မဖြစ်ပေ။ လူတော်ဖြစ်သော်လည်း လူကောင်းမဖြစ်ပြန်လျှင်လည်း ခရီးရောက်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် လူတော်ရုံသာမက လူကောင်းဖြစ်ဖို့ပါ လိုအပ်ခြင်းဖြစ်သည်။ လူကောင်းလူတော်ဖြစ်ပါမှ မိမိတို့မျှော်မှန်းသည့်ပန်းတိုင် သို့မဟုတ် မိမိတို့လုပ်ကိုင်သည့်လုပ်ငန်းကို အောင်မြင်စွာတက်လှမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးမှုသမိုင်းကြောင်းကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုပါက လူကောင်းများရှိသော်လည်း လူတော်များမရှိသောကြောင့် လည်းကောင်း၊ လူတော်များရှိသော်လည်း လူကောင်းများမဖြစ်သောကြောင့် လည်းကောင်း တိုင်းပြည်ရှေ့ခရီးကို ချောမွေ့အောင်မြင်စွာ မတက်လှမ်းနိုင်ဘဲ အဆိုးသံသရာတွင် လည်မြဲလည်လျက်ရှိသည်ကို မြင်တွေ့နိုင်သည်။ ရလဒ်မှာ အခြားနိုင်ငံများနောက် အောက်ကျနောက်ကျရောက်နေရသည့် အဖြစ်မျိုးကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည့် အဆင့်မြင့်ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရေးသာမက လူသားပီသသည့် နိုင်ငံသားကောင်းများ၊ ကမ္ဘာသူကမ္ဘာသားကောင်းများဖြစ်လာစေရေးကိုလည်း ပဲ့ကိုင်ထိန်းကျောင်းပေးဖို့လိုအပ်ကြောင်း နိုင်ငံ့ခေါင်းဆောင်က အသိပေးခဲ့ခြင်းဖြစ်သည်။ အရည်အချင်းပြည့်မီသော လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး၌ အမြော်အမြင်မြင့်မားပြီး စိတ်ကောင်းနှလုံးကောင်းရှိသည့် နိုင်ငံသူ၊ နိုင်ငံသားကောင်းများ မွေးထုတ်ပေးရေးသည် ဦးစားပေးရမည့် အချက်ဖြစ်သည်။နိုင်ငံသူ၊ နိုင်ငံသားကောင်းတို့သည်သာ ငြိမ်းချမ်းသာယာပြီး အတူတကွယှဉ်တွဲနေထိုင်နိုင်မည့် ပြည်ထောင်စုကြီးကို ဖန်တီးနိုင်မည်ဖြစ်သည်။နိုင်ငံသူ၊ နိုင်ငံသားကောင်းများသည်သာ ကမ္ဘာတစ်ဝန်း၌ လူသားဆန်သည့် လူပီသသူများ ဖြစ်နိုင်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းသာယာဝပြောသည့် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် လူသားဆန်သည့် လူပီသသော နိုင်ငံသူ၊ နိုင်ငံသားကောင်းများ၊ စွမ်းရည်ထက်မြက်သည့် လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာရေးအတွက် ပညာရေးကဏ္ဍမှတစ်ဆင့် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် DRI အဖွဲ့၏ ဌာနေကိုယ်စားလှယ်တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် Democracy Reporting International (DRI) အဖွဲ့၏ ဌာနေကိုယ်စားလှယ် Ms. Eva Gil ကို ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆွန်ဟွာကို မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

Democracy Reporting International (DRI) အဖွဲ့နှင့် တွေ့ဆုံစဉ် ရွေးကောက်ပွဲ သိမှတ်ဖွယ်ရာ Mobile Application ဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများဆိုင်ရာ လက်စွဲပြုစုခြင်းနှင့် သင်တန်းများ ဆောင်ရွက်မည့် အခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည် ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများနှင့် တိုက်ပွဲရှောင်မဲဆန္ဒရှင်များ၊ နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေး ဆောင်ရွက်နေမှု၊ ပြည်တွင်း/ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များကို ဖိတ်ကြားထားမှု၊ ICT နည်းပညာအသုံးပြုမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် Social Media အသုံးပြု၍ အမုန်းစကားများ၊ သတင်းအမှားနှင့် သတင်းအတုများ ဖြန့်ဝေမှုမရှိရေး ကာကွယ်နိုင်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆွန်ဟွာအား လက်ခံတွေ့ဆုံစဉ်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၁,၅၀၀ | ၁,၆၈၆ | ၁၉,၅၉၄,၀၀၀ |
| MTSH | ၄,၀၀၀ | ၄,၀၀၀ | ၁၀,၀၃၈ | ၄၀,၁၁၇,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၄ | ၁၁၇,၆၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၅၇၀ | ၁၃,၆၈၀,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁,၅၁၀ | ၄,၅၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၁၇**

ရန်ကုန်(ရွှေဈေး) ၁၂၂၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၄၀/၉၆၀ |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၃၅ ကျပ် | ၉၇၅/၉၉၅ |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၄၅ ကျပ် | ၈၇၀/၈၉၀ |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၅၅ ကျပ် | ၉၅၅/၉၇၅ |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၃.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၅၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၂၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၈.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၉၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၃.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၁.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

*** နိုင်ငံတော်သမ္မတမှ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့သည် ဂုဏ်ပြုခံစင်မြင့်၌ နေရာယူ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ တက်ရောက်လာကြသည့် နှစ်နိုင်ငံ အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

**လက်မှတ်ရေးထိုး**

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားအပြီးတွင် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီသည် နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့သည် နိုင်ငံတော်သမ္မတ အိမ်တော်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး၊ မြန်မာ-နီပေါ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၆၀)ပြည့် အခမ်းအနားများနှင့်အတူ ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အထိမ်းအမှတ်ပွဲများ ကျင်းပရေး၊ နီပေါနိုင်ငံ၏ ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသည့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပြည်သူတို့၏ ထိတွေ့ဆက်ဆံမှုနှင့် အပြန်အလှန်နားလည်မှုများ တိုးတက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အကျိုးသက်ရောက်မှုများ လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာသန်းမြင့်၊ ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Krishna Udas လည်း တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

# ပြင်ဦးလွင်မြို့၌ ပထမအကြိမ် ထောပတ်သီးစားပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ပထမအကြိမ်အဖြစ် ထောပတ်သီးစားပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးမျိုးညွန့်က ပြောသည်။

အဆိုပါ ထောပတ်သီးစားပွဲတော်တွင် မြန်မာနိုင်ငံအတွင်းရှိ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်သူများက စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ပါဝင်ပြသမည်ဖြစ်သည်။

"ပြည်တွင်းမှာ ထောပတ်သီးစားသုံးမှုတွေ မြင့်တက်လာစေဖို့အပြင် ထောပတ်သီးကနေ အခြားကုန်ပစ္စည်းတွေ အများကြီးထုတ်လုပ်လို့ရတာကို သိရှိအောင် ရည်ရွယ်ပြီး ကျင်းပတာဖြစ်ပါတယ်။ ဒီပြပွဲမှာ အရည်အသွေးပြည့်မီတဲ့ ထောပတ်သီးကို ဘယ်လိုမျိုး ဝယ်ယူစားသုံးရမလဲ။ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမလဲ။ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးမှုတွေနဲ့ နိုင်ငံခြားဈေးကွက်အခြေအနေကို ရှင်းလင်းဟောပြောမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ် ''ဟု ၎င်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

✪ ရှေ့ဖုံးမှ

သံတမန်ဆက်ဆံရေး ထူထောင်မှုနှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ သူရဦးအောင်ကိုနှင့် ဦးကျော်တင်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Krishna Udas လည်း တက်ရောက်သည်။

**လက်မှတ်ရေးထိုး**

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတတို့သည် မြန်မာ-နီပေါ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ တွေ့ဆုံဆွေးနွေးကြစဉ်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရတို့အကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရာဒိပ် ကူမာ ဂျန်ဝါရီတို့ကလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရာဒိပ် ကူမာ ဂျန်ဝါရီတို့ကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ ရှေ့မှောက်၌ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် နီပေါနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ပရာဒိပ် ကူမာ ဂျန်ဝါရီတို့က လက်မှတ်ရေးထိုးကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ ရှေ့မှောက်၌ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရာဒိပ် ကူမာ ဂျန်ဝါရီတို့က လက်မှတ်ရေးထိုးကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့်အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အဆွေတော်သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာနိုင်ငံမှ နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်ရပါကြောင်း၊ ယခု ခရီးစဉ်သည် အဆွေတော်၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ပထမဆုံး ခရီးစဉ်ဖြစ်သည့်အတွက် ခရီးစဉ်အတွင်း အစစအရာရာ အဆင်ပြေချောမွေ့စေရန်နှင့် သွားရောက်သင့်သည့် နေရာများသို့ သွားရောက်နိုင်ရေးကိုလည်း စီစဉ်ထားရှိပါကြောင်း၊ အဆွေတော်၏ မြန်မာနိုင်ငံခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုမြင့်မားသည့်အဆင့်သို့ ရောက်ရှိစေမည်ဖြစ်သကဲ့သို့ မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်လာနိုင်စေမည့် သမိုင်းဝင်ခရီးစဉ်တစ်ခုဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း။

**အထူးပင်ဝမ်းမြောက်**

၂၀၁၈ ခုနှစ် ဩဂုတ်လက နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် မိမိ၏ ပထမဆုံးတရားဝင်ခရီးစဉ်အတွင်း အဆွေတော်တို့၏ နွေးထွေးစွာကြိုဆိုခဲ့မှု၊ ဧည့်ဝတ်ကျေပွန်ခဲ့မှုများကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိလျက် အမြဲအမှတ်တရရှိနေပါကြောင်း၊ ယင်းခရီးစဉ်တွင် ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူရာ ဘာသာရေးအထွတ်အမြတ်နေရာဖြစ်သည့် လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ဖူးမြော်ခဲ့ရခြင်းနှင့် နီပေါပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုနှင့် နွေးထွေးပျူငှာမှုများသည် မိမိ၏ ခရီးစဉ်ကို အမြဲအမှတ်တရ ဖြစ်စေပါကြောင်း၊ သာယာလှပသည့် နီပေါနိုင်ငံသို့ မိမိသွားရောက်ခဲ့သည့် ခရီးစဉ်တွင် ထူးကဲလှသည့် ဧည့်ဝတ်ကျေပွန်မှုများကို ယခုအဆွေတော်၏ မြန်မာနိုင်ငံခရီးစဉ်တွင် မိမိမှတစ်ဖန် ပြန်လည်ဧည့်ဝတ်ပြုခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ နီးကပ်သည့် သမိုင်းကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်နီးစပ်မှုနှင့် အပြန်အလှန်နားလည်မှုတို့အပေါ် အခြေခံပြီး သံတမန်ဆက်ဆံရေး စတင်တည်ထောင်ပြီးချိန်မှစ၍ မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားလျက်ရှိကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား တူညီမှုအများအပြားရှိရာ ယင်းတူညီမှုများသည် ကာလကြာရှည်စွာ တည်တံ့နေပြီဖြစ်သည့် မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူပြည်သားများ၏ ချစ်ကြည်ရင်းနှီးမှုကို ခိုင်မြဲစွာ နှောင်ဖွဲ့ထားပါကြောင်း။

ပြီးခဲ့သည့်နှစ်ကာလများအတွင်း အဆင့်အသီးသီးမှ ကိုယ်စားလှယ်များ၏ အပြန်အလှန်ခရီးစဉ်များသည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေခဲ့သည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ ယနေ့အစောပိုင်းတွင် အဆွေတော်သမ္မတကြီးနှင့် မိမိတို့တွေ့ဆုံခဲ့စဉ် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်ပေးသွားနိုင်ရေးအတွက် ဆက်ဆံမှုတိုးတက်ခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ အတူတကွ ကြိုးပမ်းအားထုတ်မှုဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပို့ဆောင်ရေး၊ စက်မှုနှင့် ယဉ်ကျေးမှု စသည့် နယ်ပယ်များတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ထားပါကြောင်း။

**ထပ်လောင်းအတည်ပြု**

မိမိတို့ နှစ်နိုင်ငံအကြား ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်-ဘင်းမ်စတက်၊ အာရှပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ACD)နှင့် ကုလသမဂ္ဂကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း အားရကျေနပ်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီပေါနိုင်ငံနှင့် ဆက်လက်ပြီး အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ အပြန်အလှန် ဆက်လက်ထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းအတည်ပြုပြောကြားလိုပါကြောင်း။

အဆွေတော်သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် မိမိတို့၏ နီပေါနွယ်ဖွားအသိုက်အဝန်းနှင့် ပြင်ဦးလွင်မြို့တွင် တွေ့ဆုံပွဲရှိသည့်အတွက် မိမိအနေဖြင့် အလွန်ပင်ဝမ်းမြောက်မိပါကြောင်း၊ နီပေါနွယ်ဖွားများအနေဖြင့် ဒေသခံပြည်သူများနှင့် သဟဇာတရှိစွာ နေထိုင်လျက်ရှိကြပြီး မိမိတို့နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

အဆွေတော်အနေဖြင့် မကြာသေးမီက ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခံရသည့် ပုဂံဒေသသို့ သွားရောက်လေ့လာမည့် ခရီးစဉ်ကို ကြည်နူးနှစ်ခြိုက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ခမ်းနားသပ္ပာယ်လှသည့် ရွှေတိဂုံစေတီတော်တို့ကို သွားရောက်ဖူးမြော်လေ့လာမည့် ခရီးစဉ်များမှ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ဗုဒ္ဓဘာသာဘုရားဖူးဒေသများ အထူးသဖြင့် ပုဂံဒေသနှင့် နီပေါနိုင်ငံရှိ အလေးအမြတ်ထားရာ လုမ္ဗိနီတို့ကို ချိတ်ဆက်ရန် အတွေးအမြင်သစ်တစ်ခု ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းသို့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံပြည်သူများ၏ တူညီသည့် အမွေအနှစ်နှင့် ယဉ်ကျေးမှုဆက်နွယ်နီးကပ်မှုများကို ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှုသည် နှစ်(၆၀) ပြည့်မြောက်တော့မည်ဖြစ်၍ အခမ်းအနားများကို နှစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်သွားရန်လည်း မျှော်လင့်ထားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်သည် "နီပေါနိုင်ငံ၏ ခရီးသွားနှစ်"လည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေနှင့် နီပေါနိုင်ငံ၏ ခရီးသွားနှစ်နှင့် "သာယာဝပြောတဲ့ နီပေါနိုင်ငံ၊ ပျော်ရွှင်မှုတွေ ခံစားရတဲ့ နီပေါပြည်သူများ"ဆိုသည့် နီပေါနိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်တို့ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နီပေါနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများ အောင်မြင်မှုရရှိပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ချစ်ကြည်ရင်းနှီးစွာ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ရသည့်အပေါ် ဝမ်းမြောက်ရပါကြောင်း၊ မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုနှင့်ပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရတို့အား အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ ဗုဒ္ဓဖွားမြင်တော်မူရာနိုင်ငံမှ မေတ္တာတရားနှင့် ဆုမွန်ကောင်းများကို မိမိနှင့်အတူတကွ ဆောင်ကြဉ်းယူဆောင်လာပါကြောင်း။

**အကျိုးရှိရှိဆွေးနွေး**

မကြာသေးမီကာလများအတွင်း မိမိတို့နှစ်နိုင်ငံအကြား အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်လည်ပတ်မှုများ ရှိခဲ့ပါကြောင်း၊ မိမိအနေဖြင့် ယခုအခါသမယတွင် ၂၀၁၈ ခုနှစ်က နီပေါနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်ကို ဝမ်းမြောက်စွာ ပြန်ပြောင်းအမှတ်ရမိပါကြောင်း၊ အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာရှိ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အကျိုးရှိရှိ ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား ယခုကဲ့သို့ အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်လည်ပတ်မှုများသည် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းခိုင်မာလာစေရန် အထောက်အကူပြုခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ပိုမိုကျယ်ပြန့်လာစေခဲ့ပါကြောင်း။

စာမျက်နှာ ၆ သို့ ✻



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းနှင့် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❋ စာမျက်နှာ ၅ မှ

နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို အခြေခံပြီး အထူးကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းထားလျက်ရှိပါကြောင်း၊ မိမိတို့၏ ဆက်ဆံရေးသည် နှစ်နိုင်ငံတရားဝင်ဆက်ဆံရေးထက် သာလွန်သည့် ဆက်ဆံရေးမျိုးဖြစ်ပါကြောင်း၊ အလားတူမိမိတို့၏ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာနှင့် စံနှုန်းများကြောင့်လည်း ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများခိုင်မာလာစေရန်လည်း များစွာအားဖြည့်ပေးလျက်ရှိပါကြောင်း။

သမိုင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည့်စုံနေသည့် လုမ္ဗိနီသည် သိဒ္ဓတ္ထဂေါတမ မွေးဖွားသန့်စင်သည့် နေရာတစ်နေရာဖြစ်ရုံသာမက ဗုဒ္ဓသာသနာတော်၏ မြစ်ဖျားခံရာ အထွတ်အမြတ်ထားရာဒေသလည်း ဖြစ်ပါကြောင်း၊ နီပေါအစိုးရက လုမ္ဗိနီအား ကမ္ဘာ့ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ဖွံ့ဖြိုးထွန်းကားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မြန်မာအစိုးရ၏ စိတ်ရင်းစေတနာကောင်းဖြင့် ထောက်ခံမှုများကို ဆက်လက်ရရှိမည်ဟု ယုံကြည်ပါကြောင်း။

ဗုဒ္ဓမြွက်ကြားခဲ့သည့် ထာဝစဉ်တည်တံ့သော တရားဒေသနာတော်များသည် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ လူနေမှုဘဝပုံစံများကို ထိန်းကျောင်းပေးလျက်ရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးများဖြစ်သည့် အကြမ်းမဖက်ရေး၊ ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာ၊ ကရုဏာ၊ စေတနာနှင့် အတူယှဉ်တွဲနေထိုင်မှုတို့သည် လူသားများအတွက် မြတ်ဗုဒ္ဓကပေးအပ်ခဲ့သည့် သာသနာ့လက်ဆောင်မွန်များဖြစ်ကြပါကြောင်း၊ မြတ်ဗုဒ္ဓ၏တရားဒေသနာတော်များ ထွန်းကားပြန့်ပွားစေရန်နှင့် လူသားများ၏ ကောင်းကျိုးကို အထောက်အကူပြုစေရန်အတွက် နီပေါအစိုးရအနေဖြင့် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကို လုမ္ဗိနီ၌ ၂၀၂၂ ခုနှစ်တွင် စီစဉ်ကျင်းပသွားရန်အတွက် အဆိုပြုထားပါကြောင်း၊ မိမိအနေနှင့် နီပေါအစိုးရ၏ အဆိုပြုချက်အကောင်အထည်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။

**ကျေးဇူးတင်ရှိ**

လုမ္ဗိနီဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မြန်မာနိုင်ငံသား ဦးသန့်၏ တန်ဖိုးမဖြတ်နိုင်သည့် ပါဝင်အထောက်အကူပြုခဲ့မှုများအတွက်လည်း များစွာကျေးဇူးတင်ရှိကြောင်း အခါအခွင့်ကြုံခိုက်ထည့်သွင်းပြောကြားလိုပါကြောင်း။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် မကြာသေးမီက ယူနက်စကိုမှ ဆုံးဖြတ်ခဲ့သည့်အတွက် အဆွေတော်အား မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ မိမိအနေဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ မနက်ဖြန်တွင် သွားရောက်လည်ပတ်မည်ဖြစ်သည့်အတွက်လည်း အလွန်ဝမ်းမြောက်မိပါကြောင်း။

နီပေါနှင့် မြန်မာတို့သည် တူညီသည့်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်များနှင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကောင်းဆုံးအလေ့အထများကို နှစ်နိုင်ငံအကြား မျှဝေသွားကြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ထပ်လောင်းအတည်ပြုပြောကြားလိုပါကြောင်း၊ အထူးသဖြင့် မိမိတို့ရရှိအောင်မြင်ပြီးသော သမိုင်းဝင်နိုင်ငံရေးတည်ငြိမ်နေမှုကို အကြောင်းပြုလျက် နီပေါနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲမည့် လူမှု-စီးပွားရေးအသွင်ပြောင်းလဲမှုများကို ရည်မှန်းဖော်ဆောင်ကာ ရှေ့သို့လျှောက်လှမ်းလျက်ရှိပါကြောင်း၊ တည်ငြိမ်မှုရှိသည့် နိုင်ငံရေးအခြေအနေနှင့် အစိုးရကြောင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိရန် လမ်းကြောင်းများ ပွင့်လင်းလာစေခဲ့ပါကြောင်း။

“သာယာဝပြောသော နီပေါနိုင်ငံ၊ ပျော်ရွှင်မှုများခံစားရသော နီပေါနိုင်ငံသားများ” ဆိုသည့် အမျိုးသားရေးမျှော်မှန်းချက်ကို ပြည့်မီအောင် မိမိတို့၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများရရှိလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဆင့်မှ ဆောလျင်စွာလွတ်မြောက်စေရန်၊ ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်အဆင့်ဝင်ငွေရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို ပြည့်မြောက်စေရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိတ်ဆွေမြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စုံတွင်သိသာထင်ရှားသည့် ရလဒ်ကောင်းများကို တွေ့မြင်ရသည့်အတွက်ကြောင့် အထူးဝမ်းမြောက်မိပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီထံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို ပေးအပ်စဉ်။

မြန်မာအစိုးရအနေဖြင့် မြန်မာပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာနိုင်ငံအားသာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး ဆက်လက်၍ အောင်မြင်မှုများရရှိရန်လည်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

**ဖော်ဆောင်ပေးသွားနိုင်မည်ဟု ယုံကြည်**

လာမည့်ကာလများတွင် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုလျက် မြန်မာနိုင်ငံအစိုးရနှင့် ကဏ္ဍစုံတွင် နီးကပ်စွာ အတူတကွလက်တွဲဆောင်ရွက်သွားကြရန် မျှော်လင့်ထားပါကြောင်း၊ မိမိအနေနှင့် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုဖလှယ်ရေး စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းမှ နှစ်နိုင်ငံလုံးအတွက် ထူးခြားသည့်အောင်မြင်မှုများကို ရရှိခံစားနိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ အလားတူ ဒေသဆိုင်ရာမျက်နှာစာတွင် နှစ်နိုင်ငံအကြား ဘုံအကျိုးတူနယ်ပယ်များ၌ ပိုမိုလေးနက်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်အတွက် ဘင်းမ်စတက်အဖွဲ့အစည်းသည် အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်ရာလမ်းကြောင်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးမျှော်မှန်းချက်များကို ဖော်ဆောင်ပေးသွားနိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍခေတ်မီတိုးတက်ရေးအတွက် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများတွင် ဂေဟစနစ်မထိခိုက်စေရန် အရေးကြီးကြောင်းကို မိမိအနေဖြင့် အလေးထားပြောကြားလိုပါကြောင်း၊ နီပေါနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ထူထပ်သည့် နိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့ကဲ့သို့ နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို အချိုးအစားမမျှတစွာခံစားနေကြရပါကြောင်း၊ ထို့ကြောင့် ရာသီပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို လျှော့ချရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ခတ္တာမန္ဒူမြို့၌ ကျင်းပမည့် ရာသီပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲ (Sagarmatha Dialogue)သို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် မျှော်လင့်ပါကြောင်း။

ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံရောက် နီပေါနွယ်ဖွားများ၏ အထောက်အကူပြုမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံရှိ နီပေါနွယ်ဖွားများအပေါ် အစဉ်တစိုက် ကူညီစောင့်ရှောက်မှုများအတွက်လည်း မြန်မာအစိုးရကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ အဆွေတော် နိုင်ငံတော်သမ္မတအား ယခုခရီးစဉ်အတွင်း နွေးထွေးပျူငှာသော ဧည့်ဝတ်ကျေပွန်မှုနှင့် ပြီးပြည့်စုံသော အစီအမံများကို စီစဉ်ဆောင်ရွက်ထားပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ နီပေါအစိုးရနှင့် ပြည်သူများမှ မြန်မာအစိုးရနှင့် ပြည်သူများအတွက် ထာဝရငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ညစာစားပွဲအပြီးတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား အမှတ်တရပန်းခြင်းပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကိုပေးအပ်သည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာအဲန်နာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

* ကျောဖုံးမှ

တစ်ဦးနှုန်းပါဝင်နေပြီး မသန်စွမ်းကလေးသူငယ် ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိသည်ကို ဖော်ပြထားပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင်ရှိသော မသန်စွမ်းသူများသည် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာနှင့် စိတ်သဘောထားပိုင်းဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်ကြုံတွေ့နေရပြီး လူ့အသိုက်အဝန်းအတွင်း၌ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်မရရှိကြပါကြောင်း၊ မသန်စွမ်းသူများသည် ကမ္ဘာ့အဆင်းရဲဆုံးလူသားများထဲတွင် အချိုးအစားကြီးမားစွာပါဝင်နေပြီး ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာ စသည့် အခြေခံလိုအပ်ချက်အရင်းအမြစ်များကို ပြည့်ဝစွာမရရှိကြသည့်အပြင် သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေပါကြောင်း။


ထိုကဲ့သို့ အခက်အခဲမျိုးစုံနှင့် အတားအဆီးမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေကြရသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစီအစဉ်များတွင် ဖယ်ကြဉ်ချန်လှပ်ထားခြင်းခံနေရသည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိရန်ရည်ရွယ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း – United Nations Convention on the Rights of the Persons with Disabilities (UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

### ပြဋ္ဌာန်းထား

မြန်မာနိုင်ငံ၌ မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၏ ပုဒ်မ ၃၂ (က)တွင် "**နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်**"ဟု ဖော်ပြထားပါကြောင်း။

ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အပြည့်အဝပိုမိုကာကွယ်မြှင့်တင်စောင့်ရှောက်ပေးနိုင်ရေးအတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် UNCRPD ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့်အပြင် အခြားသောဒေသတွင်းနှင့် နိုင်ငံတကာသဘောတူညီချက်များဖြစ်သော အာရှပစိဖိတ်ဒေသရှိ မသန်စွမ်းသူများဆိုင်ရာ တတိယဆယ်စုနှစ် အင်ချွန်းမဟာဗျူဟာ(၂၀၁၃-၂၀၂၂)၊ အာဆီယံ မသန်စွမ်းသူများ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ ဘာလီကြေညာချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ-Sustainable Development Goals (၂၀၁၆-၂၀၃၀) တို့ကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRPD)နှင့်အညီ "**မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ**"ကိုလည်း ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး "**မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ**"ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေတွင် "**မသန်စွမ်းသူတိုင်းသည် အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိကြောင်းနှင့် မသန်စွမ်းကလေးသူငယ်တိုင်းသည် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများအပါအဝင် ပညာရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရမည်**"ဟု ပြဋ္ဌာန်းထားပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာအဲန်နာရွှေလွှမ်း ဒုတိယအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

### ပိုမိုများပြားလာနေ

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြပြီး ယင်းတို့အနက် ၈ သိန်း ၃ သောင်းကျော်သည် ဉာဏ်ရည်မသန်စွမ်းသူများဖြစ်ကြပါကြောင်း၊ ၎င်းတို့အနက် ကျောင်းနေအရွယ် ဉာဏ်ရည်မသန်စွမ်း ကလေးသူငယ် ၉ သောင်းကျော်ရှိသည်ဟု သိရပါကြောင်း၊ မျက်မှောက်ခေတ်၌ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ဉာဏ်ရည်မသန်စွမ်း ကလေးသူငယ်ဦးရေနှုန်းသည် ပိုမိုများပြားလာနေသည်ဟု သိရှိရပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တိုင်းတာစစ်ဆေးပံ့ပိုးမှုဆိုင်ရာလုပ်ငန်းများသည် အရေးပါလာပါကြောင်း၊ ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Early Childhood Intervention (ECI) လုပ်ငန်းကို Pilot Project အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အားပေးမြှင့်တင်

ယခု ပညာရေးညီလာခံကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် လူတိုင်းအကျုံးဝင်ပညာရေးနှင့် အထူးပညာရေးကဏ္ဍများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများ၏ ပညာရေးဆိုင်ရာ ဥပဒေ၊ မူဝါဒများကို အခြေခံပြီး လက်တွေ့ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို အားပေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်၊ ၎င်းတို့၏ အသိပညာ၊ ဗဟုသုတများနှင့် နည်းပညာများ စသည့် လူ့အရင်းအမြစ်တို့ကို အားပေးမြှင့်တင်နိုင်ရန် ဖြစ်ပါကြောင်း။

ဉာဏ်ရည်မသန်စွမ်းကလေးဦးရေ များပြားသော်လည်း ၎င်းတို့ကိုပြုစုပျိုးထောင်ပေးမည့် ဆရာ ဆရာမများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးသည့်ကျောင်း၊ ဌာနများနည်းပါးခြင်း၊ ကလေးများကို လက်ခံလေ့ကျင့်ပေးနေသည့်ကျောင်းများတွင် ဆရာနှင့် ကျောင်းသားဦးရေ အချိုးမညီမျှခြင်း၊ မိဘများအနေဖြင့် အခြေခံဗဟုသုတနည်းပါးခြင်း၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ကလေးများအပေါ် ထားရှိသော မမှန်ကန်သည့်သဘောထားအမြင်နှင့် ဆက်ဆံမှုပုံစံများရှိနေခြင်း စသည့် အတားအဆီးများကြောင့် ဉာဏ်ရည်မသန်စွမ်းကလေးများသည် ပုံမှန်ပညာရေးကျောင်းများနှင့် ဝေးသထက်ဝေးကွာခဲ့ရပါကြောင်း။

ကလေးများတွင် မတူညီသောအစွမ်းအစများနှင့် ဉာဏ်ရည်ဉာဏ်သွေးများရှိသည်ကို တန်ဖိုးထားလေးစားရမည်ဖြစ်ပါကြောင်း၊ အချို့ကလေးများတွင် အထူးဂရုပြုစောင့်ရှောက်ပေးရန် လိုအပ်ပြီး ၎င်းတို့၏ ဖွံ့ဖြိုးမှုဆိုင်ရာများတွင် နှောင့်နှေးမှုများရှိနေသော်လည်း အခြားကလေးများကဲ့သို့ ခံစားတတ်သောနှလုံးသားရှိသူများဖြစ်ပါကြောင်း၊ ကလေးများသည် သူတစ်ပါးကို ချစ်ခင်တတ်သကဲ့သို့ သူတစ်ပါး၏ နွေးထွေးကြင်နာမှု၊ ချစ်ခြင်းမေတ္တာများကို ရရှိရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ရရှိမှသာ ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

### ဖုံးကွယ်နေသောအစွမ်းအစများကို ဖော်ထုတ်

ထို့ကြောင့် အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေးများကို ပြုစုစောင့်ရှောက်မည့် ကျွမ်းကျင်သော ဆရာ ဆရာမများလိုအပ်ပါကြောင်း၊ ထိုသို့ ကျွမ်းကျင်သော ဆရာ ဆရာမများ၏ ပြုစုပျိုးထောင်မှုအောက်တွင် ကလေးများ၏ ဖုံးကွယ်နေသောအစွမ်းအစများကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးကို ရောက်ရှိလာကြမည်ဖြစ်ပါကြောင်း။

အထူးပညာရေးနည်းစနစ်များကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဌာနအဖွဲ့အစည်းတစ်ခုတည်းကသာ နားလည်သိရှိရုံနှင့် မလုံလောက်ပါကြောင်း၊ မသန်စွမ်းကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံနေရသည့် အရွယ်ရောက်သူလူကြီးတိုင်းကပါ ယင်းနည်းစနစ်များနှင့် ဗဟုသုတများကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ဉာဏ်ရည်မသန်စွမ်းကလေးများ၏ မိဘများအနေဖြင့် မိမိတို့၏ ဉာဏ်ရည်မသန်စွမ်းသော သားသမီးကလေးများကို မည်သို့ပြုစုစောင့်ရှောက်ရမည်ဆိုသည့် နည်းစနစ်များကိုသိရှိပြီး ပါဝင်ဆောင်ရွက်ကြရန် အလွန်အရေးကြီးပါကြောင်း။

သို့မှသာ အဆိုပါကလေးများနှင့် ထိတွေ့ဆက်ဆံရာတွင် လွယ်ကူအဆင်ပြေနိုင်ပြီး အပြန်အလှန်နားလည်မှုများ ရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းကလေးသူငယ်များ တက်ရောက်နေသည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများကလည်း ယခုနည်းစနစ်များကို သိရှိနားလည်ထားကြရမည်ဖြစ်ပါကြောင်း၊ မိမိကျောင်းကိုရောက်ရှိလာသည့် ဉာဏ်ရည်မသန်စွမ်းကလေးသူငယ်များကို ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့ *

# နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery by Sofitel Hotel ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဧည့်သည်တော်သမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ယခုလို ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံက နွေးထွေးစွာ ကြိုဆိုဧည့်ဝတ်ကျေပွန်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နီပေါနိုင်ငံနှင့် မြန်မာ့တပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာ့တပ်မတော်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပြင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင်လည်း တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ဦးစွာပြောကြားသည်။

**ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သမ္မတကြီးနှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၇ ခုနှစ် မိမိ၏ နီပေါနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နောက်ပိုင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များ ဆက်တိုက်ဆောင်ရွက်လာနိုင်ခြင်းသည် နှစ်နိုင်ငံခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်သည့် ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး အလားအလာကောင်းများကိုလည်း တွေ့မြင်နေရပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ သင်တန်းသားများ အပြန်အလှန်စေလွှတ်နိုင်ရေး၊ အားကစားနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်နိုင်ရေး အခြေအနေများ၊ နှစ်နိုင်ငံအကြား ပြည်သူလူထု ချင်းရင်းနှီးဆက်ဆံမှုများမှတစ်ဆင့် စီးပွားရေးဆိုင်ရာ၊ ကူသန်းရောင်းဝယ်ရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ မြန်မာ့တပ်မတော်နှင့် နီပေါတပ်မတော်တို့သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြသော တပ်မတော်များအဖြစ် ရပ်တည်နိုင်ကြသည့် အခြေအနေများ၊ နီပေါနိုင်ငံတွင် အမျိုးသမီးများ၏ ကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိသလို မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများ၏ကဏ္ဍ မြှင့်တင်လျက်ရှိပြီး ပြည်သူ့သားကောင်းတပ်မတော်သားအမျိုးသမီးအရာရှိ၊ စစ်သည်များ ပြုစုပျိုးထောင်ပေးနေသည့် အခြေအနေများ၊ တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံရေးစနစ်ခိုင်မာစေရေး အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးတက်စေရန်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ နီပေါနိုင်ငံသမ္မတကြီးအနေဖြင့် နီပေါတပ်မတော်ကို ဂုဏ်ယူအလေးထားသလို မြန်မာနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် တပ်မတော်သားများကို မိသားစုဆွေမျိုးမောင်နှမရင်းချာ ကဲ့သို့ပင် မေတ္တာထားရှိပြီး ယခုခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်ဖြစ်သည့် အကြောင်းအရာများအား အပြန်အလှန် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ဒုတိယရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော် ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral G Ashok Kumar, AVSM, VSM, VCNS ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံရေပြင်နယ်နိမိတ် ဆက်စပ်လျက်ရှိသဖြင့် ရေပြင်ပိုင်နက်လုံခြုံရေးကို နှစ်နိုင်ငံရေတပ်များ သတင်းအချက်အလက်များဖလှယ်၍ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ မြန်မာ့တပ်မတော်အနေဖြင့် အိမ်နီးချင်း ၅ နိုင်ငံနှင့် အိမ်နီးချင်းကောင်းဖြစ်စေရန် နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မြန်မာ့တပ်မတော်(ရေ)အား ခေတ်မီတပ်မတော်(ရေ)ဖြစ်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သင်တန်းသားများစေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံရေတပ်အချင်းချင်း ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ခြင်းဖြင့် နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

* စာမျက်နှာ ၇ မှ

နိဂုံးချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ချီတက်ရာတွင် နိုင်ငံသားတိုင်းခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ လူ့အခွင့်အရေးအပြည့်အဝခံစားရရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ နောက်ကျမကျန်ရစ်ရလေအောင် ယခုပညာရေးညီလာခံမှတစ်ဆင့် မသန်စွမ်းကလေးငယ်များ၏ ပညာသင်ယူနိုင်မှုအခွင့်အလမ်း တိုးတက်မြင့်မားလာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ကူညီပံ့ပိုးပေးကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

**မှတ်တမ်းပုံရိပ်များဗီဒီယို ပြသ**

ထို့နောက် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှု တိုင်းတာစစ်ဆေးခြင်း (Early Childhood Intervention – ECI) နှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်း ( Myanmar Special Education Association – MSEA) တို့၏ မသန်စွမ်းကလေးသူငယ်များဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဆောင်ရွက်မှု မှတ်တမ်းပုံရိပ်များကို ဗီဒီယိုဖြင့် ပြသသည်။

ဆက်လက်၍ ဉာဏ်ရည်မသန်စွမ်းကလေးသူငယ်များက ထာဝရမြန်မာ တေးသီချင်းအပါအဝင် တေးသီချင်းများဖြင့် တေးသရုပ်ဖော်တင်ဆက်ကြသည်။

ယင်းနောက် ဉာဏ်ရည်မသန်စွမ်းကလေးအများဆုံး လက်ခံသင်ကြားပေးလျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဒယူးအခြေခံပညာအထက်တန်းကျောင်းခွဲနှင့် နယ်ပယ်အသီးသီးတွင် ထူးချွန်ဆုရရှိသော ဉာဏ်ရည်မသန်စွမ်းသူ ရှစ်ဦးကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ဉာဏ်ရည်မသန်စွမ်းကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာအဲန်နာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းကလေးများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။

**သတင်းစဉ်**

❍ **Egypt International 2019 ကြက်တောင်ပြိုင်ပွဲမှ** ယခု ကျင်းပမည့်ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

လက်ရည်စစ်ပွဲများကို အောက်တိုဘာ ၁၇ ရက်တွင် စတင်ကျင်းပခဲ့ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အာဖရိကနှင့် အာရှကစားသမားများအပြင် ဥရောပမှ ကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၇**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ (၇)ကြိမ်မြောက် ကမ္ဘာ့တပ်မတော်များအားကစားပြိုင်ပွဲ (7th World Military Games) ဖွင့်ပွဲအခမ်းအနားနှင့် (၉)ကြိမ်မြောက် Beijing Xiangshan Forum သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြောင်းသိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ (၄၁)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Empire Hotel ၌ ကျင်းပသည့် (၄၁)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ + ၃ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။




အဆိုပါအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ တော်ဝင်အိမ်ရှေ့စံမင်းသား ဝန်ကြီးချုပ်ရုံး၏ အဆင့်မြင့်ဝန်ကြီး His Royal Highness Prince Haji Al-Muhtadee BillahIbni His Majesty Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

(၄၁)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးတွင် (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၅၁)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှ ဆွေးနွေးဆုံးဖြတ်ခဲ့သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်သည့်အချက်များ၊ အာဆီယံနိုင်ငံများအကြား စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့်ဆက်စပ်နေသည့်မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ တိုးတက်မှုဖြစ်စဉ်များ၊ (၁၉)ကြိမ်မြောက် အာဆီယံ + ၃ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတို့အတွက် ပြင်ဆင်ထားရှိရမည့်အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် (၄၁)ကြိမ်မြောက် အစည်းအဝေးမှ အာဆီယံနိုင်ငံများအတွင်းရှိ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများအတွက် အရည်အသွေးသတ်မှတ်ချက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဆိုင်ရာလမ်းညွှန်ချက်များ၊ အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များအပါအဝင် ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားသော လုပ်ငန်းပေါင်း ၃၁ ခုကို အတည်ပြုခဲ့သည်။

အစည်းအဝေးများကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများတွင် စိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၁၉-၂၀၂၄ ၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံ-အမေရိကန် စီးပွားရေးလုပ်ငန်းများကောင်စီမှ ဒုတိယဥက္ကဋ္ဌတို့ကို သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၉)ကြိမ်မြောက် အာဆီယံ + ၃ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ ၂၀၁၆- ၂၀၂၅ ၏ ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်များချမှတ်ပေးခြင်းနှင့် (၁၉)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်များအပေါ် အတည်ပြုထောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင့်နန်းတော်၌ ဘုရင်မင်းမြတ်အား တွေ့ဆုံဂါရဝပြုခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-အိန္ဒိယ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၂၀ ၏ ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများ၊ ဆောင်ရွက်ရန်ကျန်ရှိနေသည့်လုပ်ငန်းများနှင့် ၂၀၁၉-၂၀၂၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များချမှတ်ပေးခြင်းနှင့် (၅)ကြိမ်မြောက် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုအတည်ပြုထောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Minister of Primary Resources and Tourism Mr. Dato Ali bin Apong က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(၄၁)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၇**
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများအပါအဝင် ဗဟုသုတများဖြင့် အစည်းအဝေးနှင့် ဗလငါးတန်မြှင့်တင်ပေးနိုင်ရန်၊ နောင်အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအခေါ်ကောင်းများဖြင့် တည်ဆောက်ရန်ဆိုသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ပေးလျက်ရှိပါကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်နှင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်တို့တွင် ကျင်းပခဲ့ပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း မကွေးတက္ကသိုလ်၌ ကျင်းပသွားရန် စီစဉ်ထားပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန်မြို့ရှိ တက္ကသိုလ်ပေါင်းစုံမှ လူငယ် ၂၂ ဦးနှင့် စာပေစကားဝိုင်းကျင်းပခဲ့ပါကြောင်း၊ ထို့အတူ မန္တလေးတက္ကသိုလ်၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် မန္တလေးတက္ကသိုလ်ဝန်းကျင်မှ လူငယ် ၂၀ နှင့်ကျင်းပသော စာပေစကားဝိုင်းတို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးစီးဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် မိမိတို့ဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသခံအစိုးရအဖွဲ့များ၏ အကြံဉာဏ်များ၊ အစီအစဉ်များနှင့် ငွေကြေးစသည့် အဘက်ဘက်မှ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း။

မကြာမီမကွေးတက္ကသိုလ်၌ ကျင်းပမည့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်၌ ရသစာပေစကားဝိုင်းအပါအဝင် ယခင်ပွဲတော်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်စီစဉ်ထားပါကြောင်းနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံဉာဏ်များ၊ စိတ်ကူးစိတ်သန်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လျာထားအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွဲပျော်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်(မကွေး)ကို လာမည့် ဒီဇင်ဘာလအတွင်း မကွေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၎င်းပွဲတော်တွင် စာပေ၊ နည်းပညာ၊ အနုပညာနှင့် အားကစားဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များ၊ ပညာပေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူတိုင်းဘဝသာယာရေး စာတတ်မြောက်ရေး ဝိုင်းကူပေး

**ခင်နှင်းရည်**
**(ရန်ကုန်တက္ကသိုလ်)**

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် လူတိုင်းဘဝသာယာရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်များ၏အနာဂတ် သာယာလှပရေးသည် ပညာရေးကဏ္ဍအပေါ်တွင် မူတည်နေပါသည်။ ထို့ကြောင့် ပညာရယူဖို့အတွက် အခြေခံပညာဖြစ်သည့် အရေး၊ အဖတ်အတွက် တတ်မြောက်ခြင်းသည် လူတိုင်းတတ်မြောက်ရန် လိုအပ်လာသဖြင့် အခြေခံလိုအပ်ချက် ဖြစ်သည့် စာတတ်မြောက်ရေးကို နိုင်ငံတော်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အရည်အသွေးမြင့်မားသည့် ကျောင်းတွင်းပညာရေးစနစ်ကို ဆောင်ရွက်ပေးနေသကဲ့သို့ အသက်အရွယ်၊ အဆင့်အတန်းခွဲခြားမှုမရှိ ဆင်းရဲ၊ ချမ်းသာမရွေး နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရန်နှင့် စာတတ်မြောက်ပြီးသူတိုင်း အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းစေရန်လိုအပ်သဖြင့် ဘဝတစ်သက်တာ ဆက်လက်လေ့လာဆည်းပူးနိုင်မည့် စဉ်ဆက်ပညာရေး (Continuing Education )ကို ဟန်ချက်ညီညီ လက်တွေ့ကျကျ လုပ်ဆောင်ပေးလျက်ရှိပါသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် နိုင်ငံသူနိုင်ငံသားများ ဖြစ်လာစေရေးအတွက် အခြေခံပညာ အဆင့်သင်ယူပြီးမြောက်စေရေးကို အခြေခံပညာကဏ္ဍ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။ မူလတန်းပညာ ပြီးမြောက်အောင်မြင်သည်အထိ သင်ယူနိုင်ရန်အတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေးအစီအစဉ် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ရာတွင် မိဘ၊ ဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နိုင်ငံ၏စာတတ်မြောက်မှုနှုန်း မြင့်မားလာပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်သည့်အပြင် စက်မှုနိုင်ငံသို့ ကူးပြောင်းရာတွင်လည်း လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်နေသည့် မိသားစုများ၏ သားသမီးများအတွက် ရွှေ့လျားကျောင်း (Mobile School)များ ဖွင့်လှစ်ပေးခြင်း၊ ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ကြသူများအတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non–Formal Primary Education) အစီအစဉ်များ ဖွင့်လှစ်ပေးခြင်းအပြင် မသန်စွမ်းကလေးများအတွက်လည်း ပုံမှန်ကလေးများကဲ့သို့ပင် ပညာသင်ယူတတ်မြောက်စေရန်အတွက် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) စသည့်အစီအစဉ်များ ဆောင်ရွက်ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဝိုင်းဝန်းလုပ်ဆောင်ပေး**

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို မျက်ခြည်ပြတ်မခံဘဲ အစဉ်တစိုက်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အခြေခံစာတတ်မြောက်မှုနှုန်းမြင့်မားလာသည်နှင့်အမျှ စာတတ်မြောက်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စဉ်ဆက်ပညာရေးအစီအစဉ်များဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးအစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးဆီသို့ ဦးတည်သည့် ရပ်ရွာပညာပဒေသာဌာနများစွာကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ကာ စာတတ်မြောက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးလျက် ရှိပါသည်။

၂၁ ရာစု ပညာခေတ်တွင် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကို အသိပညာနှင့် အတတ်ပညာကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများဖြင့် တိုင်းတာလာကြသည်ဖြစ်ရာ နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ရန် ရည်ရွယ်လျက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် နှစ် ၃၀ နှစ်ရှည်စီမံကိန်း ပညာရေးကဏ္ဍ မျှော်မှန်းချက်များချမှတ်ကာ **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော "နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဟူသောဆောင်ပုဒ်ဖြင့် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးနှင့် ပညာရေးမြှင့်တင်မှုအစီအစဉ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**လက်တွေ့အကောင်အထည်ဖော်**

လူတိုင်း စာပေသင်ယူတတ်မြောက်က လူတို့နေထိုင်သော လူ့အဖွဲ့အစည်းမှာလည်း သာယာလှပကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ပညာရယူနိုင်မှု၏ အခြေခံဖြစ်သည့် စာတတ်မြောက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းဆောင်ရွက်ပေးရမည် ဖြစ်ပေသည်။

ယခုအချိန်အခါတွင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၏ အဓိကလိုအပ်ချက်ဖြစ်သည့် ပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လူတန်းစေ့နေထိုင်နိုင်မှု အဆင်ပြေစေရေး လုပ်ငန်းလေးရပ်ကို ချမှတ်ပေးပြီး လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဒေသနေပြည်သူများ အသိပညာ ဗဟုသုတမြင့်မားရန်နှင့် အတွေးအခေါ်မှန်ကန်ရန် အရေးကြီးပေသည်။ လူတစ်ယောက်သည် မိမိဘဝသာယာရေးအတွက် အသိပညာဗဟုသုတလိုအပ်သလို မိသားစုတစ်စု၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အသိပညာဗဟုသုတကြွယ်ဝခြင်းသည် အရေးပါသော အခြေခံအကြောင်းတရားဖြစ်ပါသည်။ သို့မှသာ အသိပညာဗဟုသုတနှင့်ပြည့်စုံပြီး လူမှုစီးပွားဘဝမြင့်မားလာမှုနှင့်အတူ တိုင်းပြည်၏ဂုဏ်သိက္ခာ ပိုမိုမြင့်တက်လာမည်ဖြစ်ပေသည်။

**အခွင့်အလမ်းများ တန်းတူညီမျှရရှိ**

ပညာသည် အရာရာကိုအဆုံးအဖြတ်ပေးနိုင်မှုရှိလာခြင်းတို့ကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယန်မြို့၌ **လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး** (WORLD CONFERENCE ON EDUCATION FOR ALL) တစ်ရပ်ကို ကျင်းပပြီး **လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်းကြီး** (WORLD DECLARATION ON EDUCATION FOR ALL) တစ်စောင်ကို တညီတညွတ်တည်း ပြုစုရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အဆိုပါ လူတိုင်းအတွက် ပညာရေးကြေညာချက်အရ လူတိုင်းအတွက် ပညာရေးဆိုင်ရာ မျှော်မှန်းချက်နှင့်အညီ နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံအလိုက် လက်တွေ့အကောင်အထည်ဖော်နိုင်မှုအခြေအနေတို့ကို ပြန်လည်ညှိနှိုင်း ဆန်းစစ်သုံးသပ်မှုပြုရန်အတွက် အာဖရိကတိုက် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့ပညာရေးညီလာခံကြီး (WORLD EDUCATION FORUM) ကျင်းပကာ လူတိုင်းအတွက် အခြေခံပညာနှင့် စဉ်ဆက်မပြတ် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ တန်းတူညီမျှရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါသည်။

**ဝိုင်းကူပေး**

၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး (General Assembly of the United Nations)ကလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို အထူးကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာကာလကို ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် (United Nations Literacy Decade) အဖြစ်သတ်မှတ်ပြီး နိုင်ငံအလိုက် လူတိုင်းအတွက် ပညာရေး (Education For All) မှ လူတိုင်းအတွက်စာတတ်မြောက်ရေး (Literacy For All) ဆိုင်ရာလုပ်ငန်းများကို ဖွဲ့ရှိရှိဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

တိုးတက်ပြောင်းလဲမှုနှင့်အတူ ယှဉ်ပြိုင်မှုအားကောင်းသည့် ယနေ့ခေတ်ကာလ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနာဂတ်ကာလ၌ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းလာမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးသည် အဓိကကျသည့်ကဏ္ဍမှပါဝင်နေ၍ လူတိုင်းဘဝ အနာဂတ်သာယာလှပစေရန် စာတတ်မြောက်ရေး ဝိုင်းကူပေးရမည်မှာ အမှန်တကယ်ပင်ဖြစ်ပါတော့သည်။ ။

**တိုးတက်ပြောင်းလဲမှုနှင့်အတူ ယှဉ်ပြိုင်မှုအားကောင်းသည့် ယနေ့ခေတ်ကာလ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနာဂတ်ကာလ၌ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းလာမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးသည် အဓိကကျသည့်ကဏ္ဍမှ ပါဝင်နေ၍ လူတိုင်းဘဝအနာဂတ်သာယာလှပစေရန် စာတတ်မြောက်ရေး ဝိုင်းကူပေးရမည်မှာ အမှန်တကယ်ပင်**

## မိတ္ထီလာ၌ ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲ ဝတ္ထုရှည်ဒုတိယဆုရသူအား ဂုဏ်ပြုပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၇**

မိတ္ထီလာ၌ ၂၀၁၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲ ဝတ္ထုရှည်ပြိုင်ပွဲကဏ္ဍတွင် "ဖော်မဲ့ဝေးလည်း လွမ်းမနေချင်" ဝတ္ထုဖြင့် ဒုတိယဆုရရှိခဲ့သူ စာရေးဆရာတင်တော်အား ဂုဏ်ပြုပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်မဲတူ (စီမံကိန်း)က ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ပခုက္ကူဦးအုံးဖေစာပေပြိုင်ပွဲတွင် ဝတ္ထုရှည်ဒုတိယဆုရရှိခဲ့သူ စာရေးဆရာတင်တော်အား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် (ထီလာ)ဖိုးဘထိန်တို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စာရေးဆရာတင်တော်နှင့် (ထီလာ)ဖိုးဘထိန်တို့က ခရိုင်(ပြန်/ဆက်)ရုံး ခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးမှူး ဒေါ်ခင်အိအိသန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းရီတို့က လက်ခံရယူသည်။ ဆက်လက်၍ ဆုရရှိသူ စာရေးဆရာတင်တော်အား မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာများဖြစ်ကြသည့် မောင်သာလင်း၊ မောင်သိန်းဇော်နှင့် ထီလာ(ဖိုးဘထိန်)တို့က မုဒိတာစကားများပြောကြားခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၇**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် အောက်တိုဘာ ၁၇**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ အောင်မြင်စွာဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ပြည်ထောင်စုဝန်ကြီးထံတင်ပြ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ ပြည်ထောင်စုဝန်ကြီးထံ တင်ပြခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာနိုင်ငံမှ အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများအနေဖြင့် ပြိုင်ပွဲတွင် အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် ယှဉ်ပြိုင်ခြင်း၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားအဖွဲ့ချုပ်များ အချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှု၊ ပြိုင်ပွဲဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေရေးရှေးရှု၍ ဝန်ကြီးဌာနခွင့်ပြုရရှိသော ဘဏ္ဍာငွေ အခြေအနေနှင့် ချိန်ထိုး၍ ပါဝင်ယှဉ်ပြိုင်သွားရမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ ရွေးချယ် စေလွှတ်ရာတွင်လည်း နိုင်ခြေအဆင့်မြင့်မားသည့် အားကစားသမားများသာမက မျိုးဆက်သစ်အားကစားသမားများကိုပါ အတွေ့အကြုံရရှိစေရေး စေလွှတ်သွားရမည် ဖြစ်ပါကြောင်း၊ အောင်ပွဲရရှိသည့် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ဝန်ကြီးဌာနအနေဖြင့် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း၊ အားကစားသမားကောင်းတစ်ဦး မွေးထုတ်ရန်အတွက် အချိန်ယူဆောင်ရွက်ရသည်ဖြစ်သဖြင့် ဝန်ကြီးဌာနရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းခြောက်ကျောင်း၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန်လိုအပ်သည့်အပြင် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် အားကစားလှုပ်ရှားမှုများနှင့် ပြိုင်ပွဲများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အကြိမ်(၃၀) မြောက်ပြိုင်ပွဲအား ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ မြို့ကြီးလေးမြို့တွင် အားကစားနည်း ၅၆ မျိုးကို လက်ခံကျင်းပမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အားကစားနည်း ၃၂ မျိုးပါဝင်ယှဉ်ပြိုင်ရန်လျာထားပြီး စုစုပေါင်းအင်အား ၅၂၇ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားပါကြောင်း၊ ၄၅၇ ဦးမှာ နိုင်ငံတော်စရိတ်ဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၇၀ မှာ အဖွဲ့ချုပ်စရိတ်ဖြင့် ကုန်ကျပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ ကုန်ကျစရိတ်အသေးစိတ်ကို လည်းကောင်း၊ အောင်မြင်မှုရရှိပါက ဆုချီးမြှင့်ငွေအား နိုင်ငံတော်သို့ တင်ပြထားရှိမှု၊ အားကစားအဖွဲ့ချုပ်နှင့် ပူးပေါင်းကြိုတင်ပြင်ဆင်ထားရှိမှု အကြောင်းအရာများကို လည်းကောင်း တင်ပြဆွေးနွေးသည်။



ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် အခြားတာဝန်ရှိသူများက လိုအပ်သည်များကို အသီးသီးထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာအားကစားအောင်မြင်မှုရရှိစေရေး ဝိုင်းဝန်းကြိုးစားကြရန်နှင့် အားကစားသမားများ ထောက်ပံ့ငွေ တိုးမြှင့်ပေးရေး ဆုကြေးငွေ သတ်မှတ်ပေးနိုင်မှုသိရှိနိုင်ရန် အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လိုက်ပါမည့် အားကစားအဖွဲ့များ ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များ၊ အခြားကိစ္စရပ်များကို ဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တတိယအကြိမ် အပင်မျိုးခွဲခြားခြင်းနှင့် သစ်တောအုပ်ချုပ်မှု သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံရှိ လူငယ်ရုက္ခဗေဒပညာရှင်များနှင့် သစ်တောပညာရှင်များ၏ အရည်အသွေး မြှင့်တင်ရေးအတွက် စစ်ဆောင်ပနား အပူပိုင်းရုက္ခဗေဒဥယျာဉ် (Xishuang – banna Tropical Botanical Garden– XTBG)နှင့် သစ်တောသုတေသနဌာနတို့ပူးပေါင်း၍ တတိယအကြိမ် အပင်မျိုးခွဲခြားခြင်းနှင့် သစ်တောအုပ်ချုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားအား ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara Hotel အင်းဝခန်းမ၌ ကျင်းပသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် စစ်ဆောင်ပနား အပူပိုင်းရုက္ခဗေဒဥယျာဉ်တို့သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး အဆိုပါကာလအတွင်း နှစ်နိုင်ငံပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းများ ရရှိခဲ့သည်။ သို့ပါ၍ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် (၅)နှစ်ကြာ သက်တမ်းရှိသော နားလည်မှုစာချွန်လွှာသစ်ရေးထိုး၍ သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။ စီမံကိန်းကာလသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိဖြစ်ပြီး စီမံကိန်းလုပ်ငန်းစဉ်များတွင် ဇီဝမျိုးစုံမျိုးကွဲနှင့်ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်း၊ နည်းပညာအသုံးချခြင်း၊ လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် အရေးကြီးသော အစိတ်အပိုင်းများအဖြစ် ပါဝင်နေကြောင်း သိရသည်။

ထို့ကြောင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အထက်ဖော်ပြပါ စီမံကိန်း၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဤသင်တန်းကို ကျင်းပရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားရှိသော အပင်မျိုးစိတ်ပေါင်း ၁၁၈၀၀ ကျော်ရှိပြီး ယခုကဲ့သို့ အပင်မျိုးခွဲခြားခြင်းနှင့် ပတ်သက်သော သင်တန်းများပေးခြင်းအစရှိသော ပူးပေါင်းဆောင်ရွက်မှုများကြောင့် အပင်မျိုးစိတ်မှတ်တမ်းအသစ်များ၊ အပင်မျိုးစိတ်အသစ်များ ထပ်မံရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်၍ ဤသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာညီညီကျော်က အမှာစကားပြောကြားပြီး သင်တန်းသို့ သစ်တောဦးစီးဌာန၊ ပညာရေးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ သင်တန်းသား ၃၆ ဦး တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘရက်ဆစ်အရေးနှင့်စပ်လျဉ်း၍ ဗြိတိန်နှင့် အီးယူတို့ သဘောတူညီချက်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၇**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကာတို့သည် ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နုတ်ထွက်ရေးနှင့်စပ်လျဉ်း၍ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

ဘောရစ်ဂျွန်ဆင်နှင့် ဂျန်ကာတို့သည် ဘရက်ဆစ်အရေးနှင့်စပ်လျဉ်းသည့် သဘောတူညီချက်ကို အောက်တိုဘာ ၁၇ ရက်တွင် တွစ်တာစာမျက်နှာမှတစ်ဆင့် ကြေညာခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂခေါင်းဆောင်များကလည်း မကြာမီ ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နုတ်ထွက်ရေး သဘောတူညီချက်ကို အတည်ပြုနိုင်မည်လား ဆိုသည်ကို ဆွေးနွေးမှုများပြုလုပ်သွားရန် မျှော်လင့်လျက်ရှိသည်။

ဗြိတိန်ပါလီမန်ကမူ အဆိုပါ သဘောတူညီချက်နှင့် စပ်လျဉ်း၍ အောက်တိုဘာ ၁၉ ရက်တွင် ဆွေးနွေးမှုများ ပြုလုပ်သွားရန် မျှော်လင့်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် | ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျန်ကာ



# ဂျပန်ဧကရာဇ် နန်းတက်ပွဲပြီးနောက် အောင်ပွဲခံ စီတန်းလှည့်လည်ခြင်းကို ရက်ရွှေ့ဆိုင်း

**ကျိုတို အောက်တိုဘာ ၁၇**

ဂျပန်နိုင်ငံအတွင်း တိုင်ဖွန်းဟာဂီဘစ် ဝင်ရောက်တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိသည့်အတွက် ဂျပန်အစိုးရက ဂျပန်ဧကရာဇ် နာရူဟီတို၏ နန်းတက်ပွဲကျင်းပပြီးနောက် ပြည်သူများ အောင်ပွဲခံ စီတန်းလှည့်လည်ခြင်းကို နိုဝင်ဘာ ၁၀ ရက်သို့ ရက်သတ္တပတ်သုံးပတ်ခန့် ရွှေ့ဆိုင်းသတ်မှတ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်ဧကရာဇ် နာရူဟီတို၏ နန်းတက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်တွင် စီစဉ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။ သို့သော် ပြည်သူများ၏ အောင်ပွဲခံစီတန်းလှည့်လည်မှုကို နန်းတက်ပွဲ ကျင်းပပြီးနောက် ကျင်းပသွားမည်ဟု စီစဉ်ထားသော်လည်း တိုင်ဖွန်းဟာဂီဘစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် နိုဝင်ဘာ ၁၀ ရက်မှသာ ကျင်းပနိုင်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဆိုသည်။

နန်းတက်ပွဲအခမ်းအနားတွင် ဂျပန်ဧကရာဇ်က မိန့်ခွန်းတစ်ရပ် ပြောကြားမည်ဖြစ်သည်။ နန်းတက်ပွဲ အခမ်းအနားကျင်းပမှုနှင့် အောင်ပွဲခံ စီတန်းလှည့်လည်ခြင်းများနှင့်ပတ်သက်ပြီး အစီအစဉ်အတိအကျကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆီးရီးယားအပစ်အခတ်ရပ်စဲပေးရန် အမေရိကန်၏ တောင်းဆိုမှုကို တူရကီသမ္မတ ခါးသီးစွာ ပယ်ချ

**အန်ကာရာ အောက်တိုဘာ ၁၇**

ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်တပ်ဖွဲ့များအား ပြင်းထန်စွာချေမှုန်း တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် နိုင်ငံတကာက ဖိအားပေးပြောကြားသော်လည်း တူရကီအစိုးရက ခါးသီးစွာ ငြင်းပယ်ခဲ့ပြီးနောက် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က ဆီးရီးယားစစ်ပွဲနှင့်ပတ်သက်ပြီး အပစ်အခတ်ရပ်စဲပေးရန် တူရကီသမ္မတ အာဒိုဂန်အား တိုက်တွန်းပြောကြားခဲ့သည်။

အောက်တိုဘာ ၁၇ ရက်တွင် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က တူရကီသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ တူရကီအနေဖြင့် ဆီးရီးယားစစ်ပွဲ အပစ်အခတ်ရပ်စဲမှုမပြုပါက စီးပွားရေးပိတ်ဆို့မှုများ ချမှတ်မည်ဖြစ်ကြောင်း အမေရိကန် ဒုတိယသမ္မတရုံးက ဆိုသည်။

တူရကီတပ်ဖွဲ့များနှင့် မဟာမိတ်တပ်ဖွဲ့များက ဆီးရီးယားမှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာခဲ့ပြီး မကြာမီအချိန်တွင် ကာ့ဒ်တပ်ဖွဲ့များ ခြေကုပ်ယူထားသည့် ရာစ်အယ်အင်မြို့ကို စစ်ဆင်ရေးဆင်နွှဲပြီး သိမ်းပိုက်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

ယင်းသို့ တူရကီတပ်ဖွဲ့များ၏ ကာ့ဒ်တပ်ဖွဲ့များအား ပြင်းထန်စွာ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် အရပ်သား သုံးသိန်းကျော်ကို နေရာပြောင်းရွှေ့ပေးခဲ့ရသည်။ အဆိုပါစစ်ဆင်ရေးဆင်နွှဲမှုသည် ၂၀၁၁ ခုနှစ် ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့သည့် အချိန်ကစပြီး အဆိုးရွားဆုံးသော တိုက်ခိုက်ချေမှုန်းမှုများအနက် တစ်ခုဖြစ်သည့်အပြင် လူပေါင်း ၅၀၀ နီးပါး သေဆုံးခဲ့ပြီး အများစုမှာ ကာ့ဒ်တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ ဘာရှာအယ် အာဆတ်က ဆီးရီးယားနိုင်ငံအတွင်း ပြင်းထန်စွာ စစ်ဆင်ရေးဆင်နွှဲလျက်ရှိသည့် တူရကီတပ်ဖွဲ့များအား လက်တုံ့ပြန်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်က ဆီးရီးယားနိုင်ငံအတွင်း ကီလိုမီတာ ၃၀ ခန့်ရှိသော စစ်မဲ့ဇုန်တစ်ခုသတ်မှတ်ရန် ဆန္ဒရှိသည်။ ထို့ပြင် တူရကီနိုင်ငံက လက်ခံထားသည့် ဆီးရီးယား စစ်ဘေးရှောင်ဒုက္ခသည် ၃ ဒသမ ၆ သန်းခန့်ကို ဆီးရီးယားနိုင်ငံတွင် ပြန်လည်နေရာချထားရန်နှင့် ကာ့ဒ်တပ်ဖွဲ့များ၏ ဆီးရီးယားနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်နယ်မြေတစ်ခု ထူထောင်ရန် ကြိုးပမ်းမှုကိုဖျက်ဆီးပစ်ရန် ဆန္ဒရှိကြောင်း သမ္မတအာဒိုဂန်က ဆိုသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်း၍ ပြင်းထန်စွာ တုံ့ပြန်သွားရန် အီရန် သန္နိဋ္ဌာန်ချ

**တီဟီရန် အောက်တိုဘာ ၁၇**

မကြာသေးမီက ပင်လယ်နီဒေသအတွင်း၌ အီရန်နိုင်ငံ၏ ရေနံတင်သင်္ဘောတစ်စင်းအား တိုက်ခိုက်ခံရသည့်နောက်ကွယ်မှ ကိစ္စရပ်များကို အီရန်နိုင်ငံက ပြင်းပြင်းထန်ထန် တုံ့ ပြန်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အမြင့်ဆုံး အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး၏ အောက်တိုဘာ ၁၆ ရက်က ပြောကြားချက်ကို နိုင်ငံပိုင် ရုပ်သံဌာနက ဖော်ပြခဲ့သည်။



အီရန်၏ SABITI ရေနံတင်သင်္ဘော တိုက်ခိုက်ခံရပြီးနောက် ဒေသတွင်းတွင် တင်းမာမှုကို ဖန်တီးရာရောက်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ အထူးသံတမန် အလက်ဇန်းဒါး လာဗရန်တီဗ်နှင့် တွေ့ဆုံစဉ် အီရန်နိုင်ငံ အမြင့်ဆုံး အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး အလီရှမ်ခါနီက ပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗတ်ဇာရစ်က မကြာသေးမီက ဖြစ်ပွားခဲ့သည့် SABITI ရေနံတင်သင်္ဘောတိုက်ခိုက်ခံရမှုတွင် နိုင်ငံတစ်နိုင်ငံသော်လည်းကောင်း၊ နိုင်ငံအမျာ;အပြားသော်လည်းကောင်း ပါဝင်ပတ်သက်မှုရှိကြောင်း အောက်တိုဘာ ၁၅ ရက်က ပြောကြားသည်။

အောက်တိုဘာ ၁၁ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ဂျဒက်ရှိဆိပ်ကမ်းမြို့မှမိုင် ၆၀ အကွာ ပင်လယ်နီထဲ၌ ရေနံတင်သင်္ဘော SABITI ကို ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် သင်္ဘောကိုယ်ထည်နှစ်ပိုင်း ကွဲကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေနံတင်သင်္ဘောကိုယ်ထည် ထိမှန်ပေါက်ကွဲမှုကြောင့် သင်္ဘော၏ အဓိက ရေနံစည်ကြီးနှစ်ခု ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဖိလစ်ပိုင် ငလျင်ကြောင့် နှစ်ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၁၇**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၁၆ ရက်က လှုပ်ခဲ့သော ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်ကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။ ငလျင်ကြောင့် မြေပြိုမှုတွင် ၎င်းတို့အိမ်နှင့်အတူ သားအမိနှစ်ဦးမှာသေဆုံးသွားကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဒေသခံမီဒီယာများ၏ပြောကြားချက်အရ မိန်းကလေးနှစ်ဦးမှာ ပြိုကျသွားသောနံရံနှင့် ပရိဘောဂများကြားတွင် ပိတ်မိပြီး သေဆုံးသွားကြောင်း ဆိုသည်။ ငလျင်၏ ဗဟိုချက်အနီးတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုပမာဏကို ခန့်မှန်းရန်ခက်ခဲခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စစ်ဘက်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ**

# တူရကီနှင့် ဆီးရီးယားကြား ပြေလည်အောင် စေ့စပ်ပေးလိုဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို အောက်တိုဘာ ၁၇**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် ဒေသတွင်း၌ ဩဇာလွှမ်းမိုးရန် ကြိုးပမ်းမှုအဖြစ် ဆီးရီးယားနှင့် တူရကီကြား ပြေလည်အောင် စေ့စပ်ပေးလိုဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လာဗရော့ဗ်က ပြောကြားလိုက်သည်။

တူရကီနိုင်ငံက အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာသွားခဲ့သည့် ဆီးရီးယားနယ်စပ်တစ်လျှောက် ကာ့ဒ်တပ်ဖွဲ့များကို မောင်းထုတ်ရန် ပြီးခဲ့သောသီတင်းပတ်က အင်အားဖြည့်တင်းခဲ့သည်။ ကာ့ဒ်တပ်ဖွဲ့များမှာ အမေရိကန်နိုင်ငံ၏ အရေးပါသော မဟာမိတ်များဖြစ်သော်လည်း ယခုအခါ တူရကီတို့၏ ထိုးစစ်ဆင်မှုကို တန်ပြန်ရာတွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် ရုရှားနိုင်ငံထံမှ အကူအညီရရှိရန် မျှော်လင့်လျက်ရှိသည်။ ရုရှားတပ်ဖွဲ့များသည် ယခုအခါ ဆီးရီးယားတပ်ဖွဲ့များနှင့်အတူ ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ မဟာဗျူဟာမြောက်မြို့တော်ဖြစ်သည့် မန်ဘစ်၌ ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် ဆီးရီးယားတပ်ဖွဲ့များ၏ စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံးခဲ့သည်။ တူရကီနှင့် ဆီးရီးယားတပ်ဖွဲ့များကြား တိုက်ခိုက်မှုများ တားဆီးရန် ရုရှားနိုင်ငံက ကင်းလှည့်စောင့်ကြပ်မှုတွင် ပူးပေါင်းခဲ့သည်ဟု လေ့လာသူများက ပြောသည်။

ရုရှားနိုင်ငံက နယ်စပ်ဧရိယာတစ်လျှောက် လုံခြုံရေးထိန်းသိမ်းသည့် တူရကီနိုင်ငံ၏ လိုအပ်ချက်များကို နားလည်သဘောပေါက်သော်လည်း လိုအပ်ချက်မှာ တရားဝင်ဖို့ လိုအပ်ကြောင်း လာဗရော့ဗ်က ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် လာမည့် အောက်တိုဘာ ၂၂ ရက်တွင် ရုရှားနိုင်ငံ၌ တွေ့ဆုံမည်ဖြစ်သည်။

ကိုးကား– အင်န်အိတ်ချ်ကေ
ဘာသာပြန် – ကျော်ထိုက်စိုး



ရုရှားသမ္မတ ဗလာဒီမာပူတင်



တူရကီသမ္မတ အာဒိုဂန်



# ဆီးရီးယားစစ်ဆင်ရေးဆန့်ကျင်သူ ၂၀၀ နီးပါးကို တူရကီထိန်းသိမ်း

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၇**

ဆီးရီးယားစစ်ဆင်ရေးစတင်ခဲ့သည့် ပြီးခဲ့သည့်အပတ်မှစတင်၍ ဆိုရှယ်မီဒီယာများတွင် ဆီးရီးယားထိုးစစ်ဆန့်ကျင်သည့် အရေးအသားများ လွှင့်တင်ခဲ့သူ ၂၀၀ နီးပါးကို တူရကီရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည်။

ထိန်းသိမ်းခြင်းခံရသူ ၁၈၆ ဦး အနက် ၂၄ ဦးသည် တရားဝင်ဖမ်းဆီးခံခဲ့ရကြောင်း ယင်းသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုအချိန်အထိ ၇၈ ဦးကိုပြန်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လူ ၄၀ ကို ခံဝန်ချက်ဖြင့် လွှတ်ထားကြောင်း၊ ကျန်ရှိသူများသည် တရားမှုခင်း ရင်ဆိုင်နေဆဲဖြစ်ကြောင်း ယင်းသတင်းအေဂျင်စီက ဆိုသည်။ ဆီးရီးယားထိုးစစ်ကို ဆန့်ကျင်သည့် အကြမ်းဖက်ဝါဒဖြန့်ချိမှုအတွက် ထိန်းသိမ်းခံရသူများတွင် ကာ့ဒ်လူမျိုးများကို ထောက်ခံသည့် ဒီမိုကရက်တစ်ပါတီ (HDP) ၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ဆီဇိုင်တီမဲလီနှင့် ပါဗင်ဘူဒန်တို့လည်း ပါဝင်သည်ဟု ဆိုသည်။

တူရကီနိုင်ငံသည် ပြီးခဲ့သည့် အပတ်မှစတင်၍ ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်စစ်သွေးကြွများကို "ငြိမ်းချမ်းရေး နွေဦးစစ်ဆင်ရေး" ဆင်နွှဲတိုက်ခိုက်လျက် ရှိသည်။ ယင်းစစ်ဆင်ရေးသည် တူရကီပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုရရှိသည်ဟု ဆိုသည်။ သို့သော်လည်း အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ရာတွင် ကာ့ဒ်တပ်ဖွဲ့များကို အားကိုးအားထားပြုခဲ့ရသည့် နိုင်ငံတကာ အသိုင်းအဝိုင်းက ယင်းစစ်ဆင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ပြစ်တင်လျက်ရှိကြောင်း သိရသည်။

ကိုးကား– အေအက်ဖ်ပီ
ဘာသာပြန်– အောင်ဇော်လင်း

# ဆော်ဒီအာရေဗျ၌ ယာဉ်မတော်တဆမှုတွင် နိုင်ငံခြားသား ၃၅ ဦးသေ၊ လေးဦး ဒဏ်ရာရ

**ရီယာဒ် အောက်တိုဘာ ၁၇**

ဆော်ဒီအာရေဗျနိုင်ငံ မီဒီနာမြို့တော်အနီး ဘတ်စ်ကားတစ်စီးနှင့် ယာဉ်ကြီးတစ်စီးတို့ ခေါင်းချင်းဆိုင် တိုက်မိခဲ့ရာ နိုင်ငံခြားသား ၃၅ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံပိုင် မီဒီယာက ယနေ့ ရေးသားဖော်ပြသည်။

ယမန်နေ့ညနေပိုင်းက မီဒီနာမြို့တော်အနီး၌ ပုဂ္ဂလိကစင်းလုံးငှား ဘတ်စ်ကား တစ်စီးနှင့် ယာဉ်ကြီး တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့သည်ဟု မီဒီနာမြို့တော် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ဆော်ဒီသတင်းဌာနက ဆိုသည်။ သေဆုံးသူများမှာ မီဒီနာမှ မက္ကာသို့ သွားရောက်နေသည့် အာရပ်နှင့် အာရှဘုရားဖူးများဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြသည်။ ဒဏ်ရာရရှိသူများကို အယ်လ်အမ်နာဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်လုပ်ဆောင်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ဆိုသည်။

မီဒီနာဒေသ အုပ်ချုပ်ရေးမှူး မင်းသား ဖိုင်ဆယ်ဘင် ဆော်လ်မန်က သေဆုံးသူများ၏ မိသားစုဝင်များထံ ဝမ်းနည်းစကားပြောကြားခဲ့သည်။ သေဆုံးသူများက မည်သည့်နိုင်ငံသားများဖြစ်ကြောင်း မသိရသေးသော်လည်း အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက ဝမ်းနည်းစကား ပြောကြားခဲ့သည်။

ကိုးကား– အေအက်ဖ်ပီ
ဘာသာပြန် – ကျော်ထိုက်စိုး



# တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ်ကြောင့် လူ ၇၇ ဦးသေဆုံး



**ကျိုတို အောက်တိုဘာ ၁၇**

တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ်တိုက်ခတ်ခဲ့ရာ ဒေသရှိ ပြည်သူများမှာ ရေကြီးခြင်းဘေးမှ လွတ်မြောက်ရန် ကြိုးပမ်းနေကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ၇၇ ဦး အထိရှိလာပြီး ပျောက်ဆုံးနေသူ ကိုးဦးအား ကယ်ဆယ်ရေးသမားများက ရှာဖွေလျက်ရှိကြောင်း ဆိုသည်။ တိုကျိုမြောက်ပိုင်းရှိ တိုချီဂီစီရင်စုမှ ပြည်သူများမှာ သန့်ရှင်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေသည်။

စေတနာ့ဝန်ထမ်းများက သက်ကြီးရွယ်အိုများ၏ နေအိမ်တွင် ဝင်ရောက်နေသော ရွှံ့နွံများကို ရှင်းလင်းဖယ်ရှားခဲ့သည်။ ဒေသခံတစ်ဦးက မိမိတို့အနေဖြင့် လူငယ်များ၏ ပါဝင်ကူညီမှုအတွက် ဝမ်းမြောက်ကြောင်း ပြောဆိုခဲ့သည်။ တိုကျို၏တောင်ပိုင်း ဆာဂါမီဟာရာမြို့တော်တွင် ရဲများက မြေပြိုမှုတွင် ပျောက်ဆုံးနေသော အသက် ၆၀ အရွယ်ရှိ စုံတွဲတစ်တွဲကို ရှာဖွေနေသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ပေါင်း ၃၃၀၀၀ ခန့် ရေကြီးနစ်မြုပ်ခဲ့သည်။ အိမ်ထောင်စုပေါင်းများစွာ ရေနှင့် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး ယင်းလုပ်ငန်းများ ပြန်လည်လည်ပတ်ရန် အချိန် မည်မျှကြာမည်ကို မခန့်မှန်းနိုင်သေးကြောင်း သိရသည်။ ဂျပန်အရှေ့မြောက်ပိုင်းရှိ တိုဟိုကူဒေသမှာ ရေကြီးမှုဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရပြီး မြေကေ ဟက်တာပေါင်း ၁၈၀၀၀ခန့် ရေလွှမ်းမိုးခြင်းခံခဲ့ရသည်။

ဂျပန်နိုင်ငံ အလယ်ပိုင်း နာဂါနိုမြို့တွင် ချီကုမာမြစ်မှ ရေများဝင်ရောက်လာမှုကြောင့် ရေကာတာ၏ အစိတ်အပိုင်းတစ်ခု ပြိုကျပြီး နေအိမ်များ ရေနစ်မြုပ်ခဲ့သည်။ မြေယာဝန်ကြီးဌာန၏ ပြောကြားချက်အရ အဆိုပါမြစ်၏ ကျဉ်းမြောင်းသော အစိတ်အပိုင်းများသို့ ရေများ လျင်မြန်စွာ ဝင်ရောက်လာခြင်းသည် ရေကာတာပြိုကျခြင်း၏ အကြောင်းအရင်း ဖြစ်ကြောင်း ဆိုသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–စိုးသူရ

# ဗဟိုအမေရိကသုံးနိုင်ငံသို့ ပေးအပ်သည့် ငွေကြေးထောက်ပံ့မှု အမေရိကန်ပြန်လည်စတင်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ဗဟိုအမေရိကသုံးနိုင်ငံဖြစ်သည့် အယ်လ်ဆာဗေဒို၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ်တို့သို့ ငွေကြေးထောက်ပံ့မှုကို ပြန်လည်စတင်မည်ဟု အမေရိကန်နိုင်ငံက ပြောကြားလိုက်သည်။

မိမိတို့နယ်စပ်သို့ လာရောက်နေသည့် ရွှေ့ပြောင်းသွားလာသူအရေအတွက် လျှော့ချရန် ယခုနှစ်အစောပိုင်းတွင် အမေရိကန်နိုင်ငံက အယ်လ်ဆာဗေဒို၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ်တို့သို့ အကူအညီပေးအပ်မှု ယာယီရပ်ဆိုင်းခဲ့ကြောင်း၊ တိုးတက်မှုအချို့ မြင်တွေ့ရခြင်းကြောင့် အကူအညီပေးမှုကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက တွစ်တာ၌ ရေးသားခဲ့သည်။

အောက်တိုဘာ ၁၆ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် တရားမဝင်ရွှေ့ပြောင်းသွားလာမှု လျှော့ချသည့် ကြိုးပမ်းမှုများကို ပံ့ပိုးရာတွင်သုံးစွဲမည့် ဆိုင်းငံ့ထားသော အကူအညီပြန်လည်စတင်ရေးနှင့်ပတ်သက်၍ ကွန်ဂရက်သို့ အကြောင်းကြားခဲ့ကြောင်း ပွန်ပီယိုက ပြောသည်။ ရပ်သိမ်းလိုက်သော ငွေကြေးပမာဏမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄၃ သန်းခန့်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက အမည်မသိ သတင်းရင်းမြစ်တစ်ခုကို ကိုးကား၍ ဖော်ပြသည်။

အကြမ်းဖက်မှု၊ ဆင်းရဲမွဲတေမှုနှင့် ရာဇဝတ်မှုကြောင့် ထွက်ပြေးလာသည့် အခြားနိုင်ငံမှ အခြေစိုက်ရန် ဝင်လာသူများ ရပ်တန့်ရန်လုံလောက်စွာ ဆောင်ရွက်ခြင်းမရှိဟုဆိုကာ အဆိုပါ ဗဟိုအမေရိက သုံးနိုင်ငံသို့ပေးအပ်မည့် အကူအညီ အမေရိကန်ဒေါ်လာသန်း ၄၅၀ ဖြတ်တောက်မည့် ဆုံးဖြတ်ချက်ကို ယခုနှစ်မတ်လအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြေညာခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ယခုအပတ် ၁၉-၁၀-၂၀၁၉ ရက်နေ့ (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းတင်အောင်နီ၏ ပြာဂလောင် ပြာလချောင်၊ မြေဇာ၏ စိန်မျောက်မျောက်၊ ကာတွန်းမောင်ရွှေဝင်း၏ ကိုကိုညီညီ၊ ကာတွန်းသိက္ခာ၏ ဆေးလိပ်အန္တရာယ်၊ ကာတွန်းကြိုင်နီ၏ ဆုတောင်းမေတို့အပြင် နို့တိုက်သတ္တဝါအကြောင်း သိကောင်းစရာ၊ လိပ်ပြာလေးတွေလာပါစေ၊ မတူညီသောအချက်ခုနစ်ချက်၊ ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ မြေဆီမှရွှေရည်၊ အချိန်မှန်မှန် ပုံပြင်နှင့်ကဗျာ စသည့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောက်ဆည်နှင့် ဟဲဟိုးတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**
မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)နှင့် အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက်ဆည်) တို့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း မင်းရပ်-ရပ်ကွက် ကြက်မင်းတွန်မီးပွိုင့်အနီး၌ စိန်ဖေ (ခ) ကျော်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၉ ဒသမ ၉ကီလိုနှင့်လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။


စိန်ဖေ(ခ)ကျော်ဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဟဲဟိုးမြို့ စကားအင်းကျေးရွာအုပ်စု ကျားဟုန်တောင်ကျေးရွာနေ မိအစ်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ နေမျိုးထွန်း(ခ)ဖိုးခွား အားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


# သာစည်မြို့နယ် (၇)မိုင်ကျေးရွာအနီး စိတ်ကြွဆေးပြားများနှင့် ဘိန်းဆီခဲများ သိမ်းဆည်းရမိ

**မိတ္ထီလာ အောက်တိုဘာ ၁၇**
သာစည်မြို့နယ် (၇)မိုင်ကျေးရွာအနီး၌ အောက်တိုဘာ ၁၇ ရက် နံနက် ၃ နာရီ မိနစ် ၂၀ တွင် လှည့်ကင်းဆောင်ရွက်နေစဉ် စိတ်ကြွဆေးပြားများနှင့် ဘိန်းဆီခဲများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းမာပင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်ရန်သိန်းနှင့်အဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင် (၅၃/၄)နှင့် (၅၃/၅) ကြား (၇)မိုင်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တွေ့ရှိ၍ စစ်မေးရာ အောင်ကျော်ဦး (ခ) ကျော်ဦး သာစည်မြို့နယ်နေသူနှင့် မသန်းသန်းနွယ် (ခ)ဂတုံးမ သာစည်မြို့နယ် နေသူတို့ဖြစ်ကြောင်းသိရပြီး ၎င်းတို့၏ဦးထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် ဘိန်းဆီခဲ အလေးချိန် ၂၅ ဂရမ်ခန့်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် စစ်မေးခဲ့ရာ သာစည်မြို့နယ် သစ်ပုလွေကျေးရွာ မိတ္ထီလာ-တောင်ကြီး ကားလမ်းမပေါ်တွင် အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးပြားနှင့် ဘိန်းဆီခဲများအား လက်ဝယ်တွေ့ရှိသည့် အောင်ကျော်ဦးနှင့် မသန်းသန်းနွယ်တို့အား ယင်းမပင်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**




# လှိုင်သာယာမြို့နယ်၌ ကွမ်းသီးပေါင်းခံစက် မီးလောင်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၇**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ် စတားလိုက် ကုမ္ပဏီဝင်း အတွင်း ကွမ်းသီးသိုလှောင်ရုံ၌ ကွမ်းသီးများ ပေါင်းခံရာမှ အပူလွန်ကဲပြီး ကွမ်းသီးပေါင်းခံစက် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တို့က အနီးကပ် သွားရောက်ကြီးကြပ်ခဲ့ပြီး မီးသတ်ရေယာဉ်လေးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ဖွဲ့ထက်ကို(အင်းစိန်)**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House




လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။
နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။
ဖုန်း-၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# စီရင်ချက်မှ စီရင်ထုံးသို့



မောင်စာဂ

စီရင်ချက်သည် မှုခင်းတစ်ခု စုံစမ်းစစ်ဆေးပြီးမြောက်ခြင်း၏ အဖြေဖြစ်ကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်၏ ပြယုဂ်ဖြစ်ကြောင်း၊ တရားစီရင်ရေး၏ ပင်မကျောရိုးဖြစ်ကြောင်း စီရင်ချက်နှင့် တရားစီရင်ရေးမဏ္ဍိုင် ဆောင်းပါးတွင် ရေးသားဖော်ပြခဲ့သည်။ ယခုတစ်ဖန် စီရင်ချက်မှသည် တရားစီရင်ထုံးသို့ ရောက်ရှိသွားပုံအကြောင်း အနှစ်ချုပ်၍မျှဝေပါရစေ။

## မူလတရားရုံးစီရင်ချက်များ

အဆင့်ဆင့်သော တရားရုံးများဖြစ်သည့် မြို့နယ်တရားရုံး၊ ဥပဒေအရသတ်မှတ်ထားသော အခြားတရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များသည် ဥပဒေနှင့်အညီ ဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း မူလအမှုများကို စီရင်ပိုင်ခွင့်အာဏာများရှိကြသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည်ပင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ စီရင်ပိုင်ခွင့်အာဏာရှိသည်ဟု သတ်မှတ်ထားသော အမှုကိစ္စများအတွက် မူလစီရင်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

တရားရုံးအသီးသီးက မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ချမှတ်ခဲ့သော စီရင်ချက်များသည် မူလတရားရုံးစီရင်ချက်များဖြစ်သည်။ ရာဇဝတ်မှုခင်းများတွင် မူလတရားရုံးစီရင်ချက်များ ရေးသားပုံရေးသားနည်းကို စီရင်ချက်နှင့် တရားစီရင်ရေးမဏ္ဍိုင် ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

## အယူခံ၊ ပြင်ဆင်တရားရုံးစီရင်ချက်များ

ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များသည် ဥပဒေနှင့်အညီ မူလအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည့်အပြင် ဥပဒေကသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း အယူခံမှုကို စီရင်ပိုင်ခွင့်နှင့် ပြင်ဆင်မှုကို စီရင်ပိုင်ခွင့်အာဏာများရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေက သတ်မှတ်ထားသည့်အတိုင်း မူလအမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည့်အပြင် ဥပဒေနှင့်အညီ အယူခံမှုကိုစီရင်ပိုင်ခွင့်နှင့် ပြင်ဆင်မှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ ဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သောစီရင်ချက်၊ ဒီဂရီ သို့မဟုတ် အမိန့်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုနိုင်သည်။

အယူခံမှုနှင့်ပြင်ဆင်မှုတို့ကို စီရင်ပိုင်ခွင့်အာဏာရှိသော အယူခံတရားရုံး၊ ပြင်ဆင်တရားရုံးတို့က ချမှတ်လိုက်သော စီရင်ချက်များသည် အယူခံပြင်ဆင်တရားရုံးများ၏ စီရင်ချက်များဖြစ်သည်။

## အယူခံမှု၊ ပြင်ဆင်မှုတွင် စီရင်ချက်ရေးသားနည်း

စီရင်ချက်မှ စီရင်ထုံးဖြစ်လာရသည့်အတွက် စီရင်ချက်ရေးသားပုံရေးသားနည်းသည် အရေးကြီးသည်။ ရာဇဝတ်မှုခင်းဆိုင်ရာအယူခံမှုနှင့် ပြင်ဆင်မှုများတွင် စီရင်ချက်နှင့်အမိန့်များ ရေးသားပုံ ရေးသားနည်းတွင် အဓိကအားဖြင့် ခေါင်းစီးပိုင်းရေးသားခြင်းအပိုင်းနှင့် စီရင်ချက်နှင့် အမိန့်ရေးသားခြင်းအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းတွေ့ရသည်။

## ခေါင်းစီးပိုင်းရေးသားနည်းအပိုင်း

၎င်းအပိုင်းတွင် ကြားနာစစ်ဆေးသော တရားရုံးအမည်၊ အမှုအမျိုးအစားနှင့် အမှုအမှတ်၊ မည်သည့်တရားရုံးကစစ်ဆေးသောအမှုကို အယူခံဝင်သည့် သို့မဟုတ် ပြင်ဆင်မှုတင်သွင်းသည့်အကြောင်း ဖော်ပြချက်တို့ကို ရေးသားရသည်။

အယူခံတရားလို သို့မဟုတ် လျှောက်ထားသူတို့၏ အမည် တစ်ဦးထက်ပိုလျှင်သော်လည်းကောင်း၊ အယူခံတရားခံ သို့မဟုတ် လျှောက်ထားခံရသူ၏အမည် တစ်ဦးထက်ပိုလျှင်သော်လည်းကောင်း ယင်းတို့၏ အမည်များကို အမှတ်စဉ်တပ်၍ အထက်မှ အောက်သို့

> ## ပြည်ထောင်စုတရားသူကြီးချုပ်ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့် မရှိစေရပါ။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် စီရင်ထုံးအဖြစ်ရောက်ရှိ. . .

စဉ်ပြီးရေးရသည်။

အယူခံတရားလို သို့မဟုတ် လျှောက်ထားသူနှင့် အယူခံတရားခံ သို့မဟုတ် လျှောက်ထားခံရသူတို့အတွက် လိုက်ပါဆောင်ရွက်သောရှေ့နေများ၏အမည်၊ ထို့နောက်တရားစွဲဆိုသောဥပဒေနှင့်ပုဒ်မ (ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောဥပဒေနှင့်ပုဒ်မ သို့မဟုတ် မူလရုံးမှ အမိန့်ချမှတ်ရာတွင်အခြေခံခဲ့သောပုဒ်မ) တို့ကို ဖော်ပြရသည်။

## စီရင်ချက်နှင့်အမိန့်ရေးသားခြင်းအပိုင်း

၎င်းအပိုင်းတွင် အဓိကအချက် ခြောက်ချက်ပါရှိသည်။ ပထမအချက်အနေဖြင့် မူလမှုဖြစ်ပေါ်လာပုံအကြောင်း အကျဉ်းချုပ်အပြင် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရသည့်အကြောင်း အကျဉ်းချုပ်ပါဝင်သည့် အမှုအကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြရသည်။

ဒုတိယအချက်အနေဖြင့် မူလမှုကိုစစ်ဆေးခဲ့သော တရားရုံးက မည်ကဲ့သို့စီရင်ဆုံးဖြတ်၍ မည်သို့ ပြစ်ဒဏ်ချမှတ်ခဲ့သည်ကိုလည်းကောင်း၊ ယင်းမူလမှုကို တစ်ဆင့်မြင့်သောတရားရုံး၌ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ခဲ့ဖူးပါကလည်း ထိုအဆင့်မြင့်တရားရုံးက မည်ကဲ့သို့ဆုံးဖြတ်၍ မည်သို့ပြစ်ဒဏ်ချမှတ်ခဲ့သည်ကိုလည်းကောင်း ရေးသားဖော်ပြရသည်။

တတိယအချက်အနေဖြင့်အယူခံမှုသို့မဟုတ်ပြင်ဆင်မှုတွင် အဆုံးအဖြတ်ပေးရမည့် အဓိက ဆုံးဖြတ်ရန်အချက်များကို ထုတ်နုတ်ဖော်ပြရန်ဖြစ်သည်။ (ယခင်စစ်ဆေးကြားနာစီရင်ခဲ့ကြသည့် တရားရုံးများ၏ စီရင်ချက်များနှင့် ယခုအယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားချက်တို့ကို ဖတ်ရှုလေ့လာပါလျှင် အဆုံးအဖြတ်ပေးရမည့် အဓိကဆုံးဖြတ်ရန်အချက်များ ပေါ်လွင်လာပါလိမ့်မည်)

စတုတ္ထအချက်အနေဖြင့် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များ၊ သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊ ဥပဒေအချက်အလက်များနှင့် စီရင်ခဲ့ပြီးသော တရားရုံးအဆင့်ဆင့်၏ စီရင်ချက်တွင်ပါရှိသည့် အကြောင်းပြချက်များအပေါ်တွင် တွေ့ရှိချက်များနှင့် ဝေဖန်သုံးသပ်ချက်များကို ဖော်ပြရန်ဖြစ်သည်။

ပဉ္စမအချက်အနေဖြင့် ဆုံးဖြတ်ချက်နှင့် အမိန့်ရေးသားရန်ဖြစ်သည်။ အယူခံလွှာ သို့မဟုတ် ပြင်ဆင်မှုလျှောက်လွှာနှင့်စပ်လျဉ်း၍ မည်သို့ဆုံးဖြတ်သည်ကို အကြောင်းပြချက်များဖော်ပြ၍ ရေးသားရသည်။ ထို့ပြင် မူလတရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို တရားရုံးကဖြစ်စေ ချမှတ်ပြီးသောဆုံးဖြတ်ချက်နှင့် အမိန့်ကိုပယ်ကြောင်း သို့မဟုတ် အတည်ပြုကြောင်း သို့မဟုတ် အခြားနည်းမည်သို့ အမိန့်ချမှတ်ကြောင်းတို့ကို ရှင်းလင်းစွာဖော်ပြရသည်။

ဆဋ္ဌမအချက်အနေဖြင့် ယခင်စီရင်ခဲ့ပြီးသော တရားရုံးများ၏ သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သောအမိန့်ကို အတည်ပြု၊ မပြု သို့မဟုတ် မည်ကဲ့သို့ အမိန့်ချမှတ်သည်ကို ဖော်ပြရေးသားရန်ဖြစ်သည်။

၎င်းကဲ့သို့ စီရင်ချက်နှင့်အမိန့်ကို ဆီလျော်စွာရေးသားပြီးသည့်အခါ တရားသူကြီးက စီရင်ချက်နှင့်အမိန့်အောက်တွင် လက်မှတ်ရေးထိုးရသည်။

## စီရင်ချက်မှစီရင်ထုံးဖြစ်လာရခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာ တရားရုံးဖြစ်သည်။ ပြည်ထောင်စုတရားသူကြီးချုပ် ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့် မရှိစေရပါ။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် စီရင်ထုံးအဖြစ်ရောက်ရှိလာနိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များထဲမှ နောင်တွင် ဥပဒေကြောင်းအချက်အလက်၊ အကြောင်းခြင်းရာ အချက်အလက်များနှင့်တူညီသော အလားတူအမှုမျိုးတွင် ကိုးကားခြင်း ပြုနိုင်သည့် စီရင်ချက်များ၊ လက်အောက်ခံတရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် ဥပဒေကြောင်းအချက်အလက်၊ အကြောင်းခြင်းရာ အချက်အလက်များကို ပေါင်းစပ်သုံးသပ်၍ အဖြေထုတ်ပေးထားသည့် စီရင်ချက်များ၊ လမ်းညွှန်သဖွယ် လိုက်နာရမည့်ဆုံးဖြတ်ချက်များနှင့် ကိုးကားထိုက်သည့်မူသဘောအသွင်ဆောင်သော စီရင်ချက်များကိုရွေးချယ်ကာ စီရင်ထုံးအဖြစ် ထုံးဖွဲ့သည်။ ထိုစီရင်ချက်များသည် စီရင်ထုံးဖြစ်သွားသည်။

## တရားလွှတ်တော်များ၏စီရင်ချက်များသည် စီရင်ထုံးဖြစ်မလာနိုင်ဘူးလား

ယနေ့အချိန်အထိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်အသီးသီးက ချမှတ်သည့် စီရင်ချက်များကို စီရင်ထုံးအဖြစ်ထုတ်ပြန်သည်ကို မတွေ့ရှိရသေးပါ။ သမိုင်းကြောင်းဖြစ်စဉ်ကို ပြန်လည်သုံးသပ်ပါက တော်လှန်ရေးကောင်စီအစိုးရမတိုင်မီက တရားလွှတ်တော် ( High Court) နှင့် တရားလွှတ်တော်ချုပ် (Supreme Court) ဟူ၍ ရန်ကုန်မြို့တွင် တစ်ရုံးတည်းတည်ထောင်ထားသည်။ တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအမြင့်ဆုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်သည့် စီရင်ချက်များကို စီရင်ထုံးအဖြစ်ထုံးဖွဲ့သည်။ တရားလွှတ်တော်သည် အမြင့်ဆုံးတရားရုံးမဟုတ်သော်လည်း တရားလွှတ်တော်၏စီရင်ချက်များကိုလည်း စီရင်ထုံးဖွဲ့ခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့ကို ပေါင်းကာ တရားရုံးချုပ် (Chief Court) ကို တည်ထောင်သည်။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်၊ စီရင်ချက်များကို စီရင်ထုံးအဖြစ်ထုံးဖွဲ့ခဲ့သည်။

အိန္ဒိယနိုင်ငံတွင်မဒရပ်၊ဘုံဘေ၊ကာလကတ္တားစသည့် ပြည်နယ်များတွင် တရားလွှတ် တော်များဖွဲ့စည်းထားရှိသည်။ ယင်းတရားလွှတ်တော်များက ဆုံးဖြတ်သည့် စီရင်ချက်များကို စီရင် ထုံးအဖြစ်ထုံးဖွဲ့၍ မဒရပ်စီရင်ထုံး၊ ဘုံဘေစီရင်ထုံး၊ ကာလကတ္တားစီရင်ထုံးဟူ၍ ထုတ်ဝေသည်။

ယနေ့မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားလွှတ်တော်များ ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် သီးခြားတည်ထောင်ထားရှိသည်။ ယင်းတရားလွှတ် တော်များသည် ယခင်က ရှိခဲ့သည့် တရားလွှတ်တော်၏စီရင်ပိုင်ခွင့်အာဏာများ ရရှိသည်။ ထို့ကြောင့် ယင်းတရားလွှတ်တော်များ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခြင်းမရှိခဲ့လျှင် သို့မဟုတ် တင်သွင်းခဲ့သော်လည်း တရားလွှတ်တော်ချုပ်ကဆက်လက်၍ အတည်ပြုသည့်အမိန့်ချမှတ်ခဲ့လျှင် ထိုစီရင်ချက်များကို စီရင်ထုံးအဖြစ် ထုံးဖွဲ့လာနိုင်ပါသည်။ သို့ဖြစ်၍ မန္တလေးတိုင်း တရားလွှတ်တော်စီရင်ထုံးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော်စီရင်ထုံးများစသည်ဖြင့် ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

စီရင်ချက်နှင့်စီရင်ထုံးတို့၏ ကွဲပြားခြားနားပုံ သဘောသဘာဝ၊ အာနိသင်တို့ကို ဆက်လက် ရေးပါဦးမည်။

- **ဥပဒေနှင့်အညီ အားကောင်းခိုင်မာသော စီရင်ချက်များဖြစ်ကြပါစေ၊**
- **စီရင်ချက်များထဲမှ စီရင်ထုံးအဖြစ် များများရွေးချယ်ထုံးဖွဲ့နိုင်ကြပါစေ၊**
- **စီရင်ချက်နှင့်စီရင်ထုံးများသည် တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် အားကောင်းခိုင်မာသော ဒေါက်တိုင်များဖြစ်ကြပါစေ။**

■

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသတို့ တရုတ်နိုင်ငံသို့ သာသနာပြုခရီး ကြွရောက်



**ရန်ကုန် အောက်တိုဘာ ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသတို့သည် တရုတ်နိုင်ငံ Shenzhen မြို့တွင် အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့၌ Hongfa ကျောင်းတိုက်၏ Shenzhen ဗုဒ္ဓဘာသာအဖွဲ့အစည်းက ကြီးမှူးကျင်းပမည့် တောင်တရုတ်ပင်လယ်ဒေသ (Shenzhen) ဗုဒ္ဓဘာသာဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲ ညီလာခံသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကြွရောက်ခဲ့ရာ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် အောက်တိုဘာ ၂၃ ရက်တွင်လည်းကောင်း ရန်ကုန်မြို့သို့ အသီးသီးပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာပညာရေးညီလာခံ ဒုတိယပိုင်းဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံ ဒုတိယပိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

**အားလုံးပူးပေါင်းကြိုးပမ်း**

ညီလာခံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မသန်စွမ်းသူတိုင်းတွင် မသန်သော်လည်း စွမ်းနိုင်မှုတစ်ခုခုရှိကြရာ စွမ်းနိုင်သမျှစွမ်းအောင် မြှင့်တင်ပေးရန်နှင့် မည်သည့်မသန်စွမ်းမှုအမျိုးအစားဖြစ်စေ မသန်စွမ်းသူများ၏ အခွင့်အရေးများအပြည့်အဝရရှိရန် လိုအပ်ကြောင်း၊ မသန်စွမ်းကလေးသူငယ်များအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ၂၀၁၉ ၌ ကလေးသူငယ်များ၏အခြေခံအခွင့်အရေးများ ခံစားခွင့်နှင့် ဉာဏ်ရည်မသန်စွမ်း ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန် မိဘ သို့မဟုတ် အုပ်ထိန်းသူများက ကိုယ်စားစီစဉ်ဆောင်ရွက်ခွင့် ပေးထားပါကြောင်း၊ ယခု ညီလာခံတွင် ဉာဏ်ရည်မသန်စွမ်းသူများ အကျုံးဝင်မှု ပိုမိုပါဝင်လာရန်နှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများ၊ လက်တွေ့တွင် မသန်စွမ်းသူများသည် အခြားသူများနည်းတူ တစ်သားတည်းဖြစ်လာစေရန်နှင့် မတူကွဲပြားမှုများကို လက်ခံသောခွဲခြားဆက်ဆံခြင်းမရှိသော တန်းတူလက်တွဲပါဝင်ခွင့် ရရှိစေရန် အားလုံးပူးပေါင်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးဥပဒေတွင် Special Need Education နှင့် Inclusive Education ကို အတိအလင်းဖော်ပြထားပါကြောင်း၊ ပညာသင်ကြားမှုတွင် ခွဲခြားမှုမရှိဘဲ တစ်ဦးတစ်ယောက်မှ ချန်လှပ်ခြင်းမရှိစေရေး၊ ကျောင်းထွက်နှုန်းလျှော့ချရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းကလေးငယ်များ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် သင်ကြားပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းကလေးငယ်များ သင်ကြားနည်းသင်တန်းများကို ဆရာ ဆရာမများအား ပေးစေလိုကြောင်း၊ မိမိတို့ဌာနအနေဖြင့် ပညာသင်ယူနေသည့် မသန်စွမ်းကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးပညာရေးအသင်းဥက္ကဋ္ဌ ဦးထာအုပ်က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်းတို့က ဉာဏ်ရည်မသန်စွမ်းကလေးငယ်များ လူမှုအသိုက်အဝန်းအတွင်း အကျုံးဝင်လာနိုင်ရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဒေါက်တာကျော်ဝင်း (မြန်မာသမိုင်းအဖွဲ့)က ဆောင်ရွက်ပြီး စာတမ်းဖတ်ပွဲကျင်းပရေး ကော်မတီဝင်များ၊ စာတမ်းဖတ်ကြားမည့် ပညာရှင်များ၊ စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ တက်ရောက်ကြသည်။

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဘာသာပြန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထူးသဖြင့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန်သုတရသစာပေများ ပေါ်ထွက်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ ပိုမိုစိတ်ဝင်စားပါဝင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များနှင့် စာတမ်းအမည်များအား အတည်ပြုခြင်း၊ စာတမ်းဖတ်ပွဲသဘာပတိများ ရွေးချယ်အတည်ပြုခြင်း၊ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်း၊ စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပရန်အတည်ပြုခြင်းစသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး Success Language Academy မှ ဆရာအာသာက စာတမ်းရှင်များအတွက် အလှူငွေကျပ် ၁၀ သိန်းကို စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၄၇) ဖွင့်

**ပဲခူး အောက်တိုဘာ ၁၇**

ပဲခူးမြို့ ဥသာမြို့သစ်ရှိ Mariner ll Hotel ခန်းမတွင် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏လမ်းညွှန်မှုဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးကြပ်၍ ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းဖွင့်လှစ်သည့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၄၇)ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သည် ရှေးဟောင်းအမွေအနှစ်များ၊ တန်ခိုးကြီးဘုရားများ ပေါများခြင်း၊ သဘာဝရေမြေတောတောင်ရှုခင်းများ စုံလင်သာယာလှပခြင်းနှင့် သဘာဝဘေးမဲ့တောများ ရှိနေခြင်းတို့ကြောင့် ပဲခူးတိုင်းဒေသကြီးသို့ နှစ်စဉ်ဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာပြီး ခရီးသွားလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာလည်းရှိလာနေပြီဖြစ်သော်လည်း ခရီးစဉ်ဒေသများအသီးသီးသို့ လိုက်ပါပို့ဆောင်ရှင်းလင်းပြသပေးမည့် ဒေသခံဧည့်လမ်းညွှန်များ လိုအပ်နေသေး၍ ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးဟောက်ကျင်မုန်က လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**၀၇၅**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

## တရုတ်နိုင်ငံမှ ကြက်သွန်နီအဝယ်လိုက်လာသည့်အတွက် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ ကြက်သွန်နီကားများ အဝင်များလာ



**မူဆယ် အောက်တိုဘာ ၁၇**

ကြက်သွန်နီများကို တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်လာသည့်အတွက် ယခုရက်ပိုင်း ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နယ်မြေအတွင်း ကြက်သွန်နီကားအစီးရေတစ်ရက်လျှင်အစီး ၂၀ မှ ၄၀ ခန့်ထိ ဝင်ရောက်မှုရှိပြီး အောက်တိုဘာ ၁ ရက်မှ ၁၇ ရက်အထိ ကြက်သွန်နီကားအစီးရေ ၅၀၀ ဝန်းကျင်ခန့် ဝင်ရောက်ခဲ့ကြောင်း ၁၀၅ မိုင်ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသော ကြက်သွန်များနှင့် အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသည့် ကြက်သွန်နီများကို ၁၀ ဘီးယာဉ်များဖြင့်လည်းကောင်း၊ ၁၂ဘီး၊ ၂၂ဘီးယာဉ်များဖြင့်လည်းကောင်း သယ်ယူပြီး တရုတ်-မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံဒေသအသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယခုနှစ် စက်တင်ဘာလမှစတင်ပြီး တရုတ်နိုင်ငံမှ မြန်မာထွက်ကြက်သွန်နီများကို အဝယ်လိုက်လာသည့်အတွက် ကုန်သွယ်ရေးဇုန်အတွင်းသို့ အခြားကုန်ပစ္စည်းယာဉ်များထက် ကြက်သွန်နီကုန်တင်ယာဉ် ယခင်နှစ်ထက်ပို၍ ဝင်ရောက်မှုရှိလာပြီး ကြက်သွန်နီဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အိုးဖိုးကျေးရွာမှ ကြက်သွန်စိုက်ပျိုးသည့် တောင်သူဦးသန်းစိုးက "အခုရောင်းနေတဲ့ကြက်သွန်တွေက မနှစ်ကသိုလှောင်ထားတဲ့ ချောင်းနံဘေးစိုက်ပျိုးထားတဲ့ ကြက်သွန်နီတွေဖြစ်ပါတယ်။ ဈေးနှုန်းကတော့ အချိန် ၁၀၀ ကို တစ်သိန်းရရှိပါတယ်" ဟု ပြောသည်။

တရုတ်နိုင်ငံသို့ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ တန်ချိန် ၁၉၄၁၇ ဒသမ ၂၅၀ တန်၊ (တန်ဖိုးအမေရိကန်ဒေါ်လာ ၇ ဒသမ ၇၉၇ သန်း)၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တန်ချိန် ၂၈၆၅၉ ဒသမ ၅၀၀ တန်၊ (တန်ဖိုးအမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆၈ သန်း)၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ တန်ချိန် ၆၉၁၈၃ ဒသမ ၀၀၀ တန်၊ (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၀၀၄ သန်း)၊ ၂၀၁၉-၂၀၂၀ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်ထိ တန်ချိန် ၃၈၈၉ ဒသမ ၀၀၀ တန်၊ (တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၄ သန်း) တင်ပို့နိုင်ခဲ့ကြောင်း ၁၀၅ မိုင်ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အတွင်း မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ပို့ကုန်အဖြစ် ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ငါးရှဉ့်၊ ကဏန်း၊ ရော်ဘာ၊ ကျောက်စိမ်းချော၊ အေးခဲသား၊ ပဲတီစိမ်း၊ ဖရဲ၊ သခွား၊ သရက် စသည့် အသီးအမျိုးမျိုး၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကြက်သွန်နီများကိုလည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ အိမ်ဆောက်ပစ္စည်းများ၊ယာဉ်ယန္တရား၊သံပိုက်လုံးသံချောင်း၊ ကော်ပိုက်လုံး၊ စတီးပစ္စည်းအမျိုးမျိုး၊ Skynet ပစ္စည်းအမျိုးမျိုး၊ မိုလ်ဘိုင်းဖုန်း၊ ကြွေပြား၊ စက်ဘီးနှင့် ဓာတ်မြေသြဇာ၊ မြေဆီ၊ ကလေးကစားစရာအရုပ်များ၊ လိမ္မော်သီး၊ ပန်းသီးနှင့် အခြားသီးနှံအမျိုးမျိုးတို့ကို လည်းကောင်း နှစ်စဉ်တင်ပို့ခဲ့ကြသည်။

**သန့်ဇင်(မူဆယ်)**

## ကင်းထောက်အမျိုးသမီးနည်းပြ အခြေခံသင်တန်း (အထက်မြန်မာပြည်) ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်အမျိုးသမီးနည်းပြအခြေခံသင်တန်း (အထက်မြန်မာပြည်) ဖွင့်ပွဲကို မန္တလေးမြို့ အထက(၁၆)ရှိ ပညာရတနာခန်းမ၌ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့၏ ကင်းထောက်ချုပ်ဆရာမကြီး ဒေါက်တာတင်လှကြည်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းနောက် ကင်းထောက်မယ်များက မြင့်မြတ်နှလုံးသားပိုင်ရှင်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အလှူရှင်များက မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့အား အလှူငွေများပေးအပ်ရာ ကင်းထောက်ချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါ နည်းပြသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သင်တန်းသူ ၁၈၂ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဖွင့်ပွဲသို့ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့မှ နည်းပြများနှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပြည်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်း



**ဘားအံ**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်း စာဖတ်ရှိန်မြင့်မားလာစေရေးနှင့် စာဖတ်သူတိုင်းစာဖတ်နိုင်ရေးအတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပြည်သူလူထုလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာ၁၇ရက်နံနက်ပိုင်းတွင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အုန်းတစ်ပင်ကျေးရွာစာကြည့်တိုက်နှင့် ဆောက်လုပ်ရေးဦးစီးဌာနရုံးများသို့ စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့သည်။

ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ သွားရောက်ငှားရမ်းပေးရာတွင် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကျေးရွာစာကြည့်တိုက်များ၊ သင်တန်းကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ စုစုပေါင်း ၃၆ နေရာကို သွားရောက်ငှားရမ်းပေးလျက်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးမှုအပေါ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းက "ကျွန်မတို့သင်တန်းကျောင်းမှာရှိတဲ့ ပြည်နယ်အတွင်း ရပ်ကွက်နဲ့ ကျေးရွာများက သင်တန်းလာတက်ကြတဲ့ သင်တန်းသူတွေအနေနဲ့ စာအုပ်၊ စာစောင်တွေကို အလွယ်တကူ လေ့လာဖတ်ရှုခွင့်ရပြီးတော့ ဗဟုသုတတိုးပွားစေတဲ့အတွက် များစွာအကျိုးကျေးဇူး ဖြစ်စေပါတယ်" ဟု ပြောသည်။

ရွှေ့လျားစာကြည့်တိုက်ယာဉ်သည် တနင်္လာနေ့မှ သောကြာနေ့အထိ ရက်သတ္တပတ်လျှင် ငါးရက်နှုန်းဖြင့် စာအုပ်ပေါင်း ၈၀၀၀ ခန့်ကို လှည့်လည်ငှားရမ်းပေးလျက်ရှိပြီး အသင်းဝင်ကတ်များကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**စစ်ကိုင်း**

စစ်ကိုင်းခရိုင် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ ရသ စာအုပ်များကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ရဲတပ်ဖွဲ့များသို့ သွားရောက်၍ အခမဲ့ငှားရမ်းပေးခဲ့သည်။

"အခုလို ဌာနကိုလာရောက်ပြီး စာအုပ်များငှားရမ်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အိမ်ကိုယူသွားပြီး ဖတ်လို့ရတော့ ပိုပြီးအဆင်ပြေတာပေါ့" ဟု ခရိုင်ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဦးတင်အေးကိုက ပြောကြားသည်။

စစ်ကိုင်းခရိုင် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များလက်ဝယ်အရောက် ငှားရမ်းခြင်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် လှည့်လည်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းမြို့ပေါ်နဲ့ ရပ်ကွက်/ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေ၊ အခြေခံပညာကျောင်းတွေမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ ပညာဗဟုသုတများရရှိအောင် လက်ဝယ်အရောက် ငှားရမ်းပေးနေတာပါ၊ အခုသီတင်းကျွတ်မှာ အခြေခံပညာကျောင်းတွေ ပိတ်ထားတော့ ဌာနဆိုင်ရာတွေကို အလှည့်ကျနဲ့ ငှားရမ်းပေးနေပါတယ်၊ ဆက်လက်ပြီးတော့လည်း စာအုပ်တွေလဲလှယ်ပြီး ငှားပေးသွားမှာပါ" ဟု ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ခင်မေအေးက ပြောသည်။

**ဇော်မြင့်နိုင် (စစ်ကိုင်းခရိုင် ပြန်/ဆက်)**

**နေပြည်တော်**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများနှင့် Sub-Centre သို့ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိသည်။

ကျေးရွာအရောက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ငှားရမ်းပေးရာတွင် တစ်ဦးလျှင် နှစ်အုပ်နှုန်းဖြင့် တစ်ကြိမ်ငှားရမ်းခြင်းကို ၁၄ ရက်သတ်မှတ်ထားပြီး ၁၄ ရက်ပြည့်ပါက နောက်တစ်ကြိမ် လာရောက်ငှားရမ်းပေးကာ နေ့စဉ်နေ့တိုင်း အလှည့်ကျစနစ်ဖြင့်စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်းနှင့် Sub-Centre ရှိသော သင်တန်းကျောင်းများနှင့် ကျေးရွာများကိုလည်း စာအုပ်ပေါင်း ၁၀၀ ငှားရမ်းကာတစ်လတစ်ကြိမ် ပြန်လည်လဲလှယ်ပေးလျက်ရှိကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

"ကျေးရွာကိုခုလိုလာရောက်ငှားရမ်းပေးတော့ အလွန်အဆင်ပြေပါတယ်။ ကျွန်တော်တို့အနေနဲ့ မြို့ပေါ်ကို စာအုပ်သွားငှားဖို့ဆိုတာ မလွယ်ပါဘူး။ စာဖတ်တာများလာတော့ ကျေးရွာလည်းဖွံ့ဖြိုးတိုးတက်လာတယ်၊ လူငယ်လူရွယ်တွေလည်း လိမ္မာရေးခြားရှိလာတဲ့အပြင် စာရိတ္တပိုင်းလည်း အလွန်ပြောင်းလဲလာပါတယ်" ဟု သစ်လေးလုံးကျေးရွာနေ ပြည်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ငှားရမ်းပေးရာတွင် ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာလေးရွာ၊ အခြေခံပညာကျောင်းပေါင်းရှစ်ကျောင်း၊ Sub-Centreသုံးခု၊ ပုဗ္ဗသီရိမြို့နယ်တွင် ကျေးရွာကိုးရွာ၊ အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်း၊ လယ်ဝေးမြို့နယ်တွင် Sub-Centre နှစ်ခုနှင့် ဇမ္ဗူသီရိမြို့နယ်တွင် Sub-Centre သုံးခုကိုရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် အလှည့်ကျသွားရောက်ငှားရမ်းပေးလျက်ရှိပြီး ပြည်ထောင်စုနယ်မြေအတွင်း ကျန်ရှိနေသောမြို့နယ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# မြစ်ကြီးနားကုန်စည်ပြပွဲ စတင်ဖွင့်လှစ်ရောင်းချ



**မြစ်ကြီးနား အောက်တိုဘာ ၁၇**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ မြစ်ကြီးနားကုန်စည်ပြပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

ကုန်စည်ပြပွဲကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဦးဝင်းညွန့်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ(ခ) ဦးဇခေါင်ခမ်းရယ်နှင့် ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြပွဲအတွင်း ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းကုန်စည်ပြပွဲကို မြစ်ကြီးနားမြို့၌ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ Smart Business Group မှ ပြပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဒေါ်ရွှေဇင်ဝင်းက "ပြီးခဲ့တဲ့လေးလပိုင်းတုန်းက မြစ်ကြီးနားမှာ ဒီလိုပွဲကျင်းပခဲ့တာ၊ အဲဒီမှာလည်းလူတွေစိတ်ဝင်စားကြတာကိုတွေ့ရတယ်။ ဒါကြောင့် ဒီပွဲကို ဒုတိယအကြိမ်လာရောက်ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီဘက်ဒေသနဲ့ကိုက်ညီတဲ့ ပစ္စည်းမျိုးတွေ အဓိကထားပြီး ပြသပါတယ်" ဟု ပြောသည်။

အဆိုပါ ကုန်စည်ပြပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ အောက်တိုဘာ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉နာရီအထိ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အနွေးထည်များ၊ ဆေးဝါးပစ္စည်းများ စသည့်ဆိုင်ခန်းပေါင်း ၁၀၀ ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ်ပြပွဲလာရောက်သူများအား တစ်နေ့လျှင် ရွှေဆွဲပြားအပါအဝင် ပစ္စည်းအမျိုး ၃၀ ကို မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီမှ သိရသည်။ **မျိုးမြင့်စိုး(ပြန်/ဆက်)**

# ခရီးသည်တင်ယာဉ်လိုင်းများတွင် အသက်ကယ်ထိုင်ခုံခါးပတ်တပ်ဆင်ရေး ရှောင်တခင်စစ်ဆေး

**ဟားခါး အောက်တိုဘာ ၁၇**
ယာဉ်မတော်တဆမှုကြောင့် မလိုလားအပ်သည့် ထိခိုက်ဒဏ်ရာများ၊ သေဆုံးမှုများ လျော့နည်းလာစေရန်ရည်ရွယ်၍ မော်တော်ယာဉ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်ရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ စုပေါင်းကားဂိတ်တွင် ဆောင်ရွက်ခဲ့သည်။

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့်အတူ ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းရေးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်၊ အမှတ် (၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးဘင်နီဖိုင်း၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးမျိုးလွင်ဦးနှင့် ပူးပေါင်းအဖွဲ့များက အသက်ကယ်ထိုင်ခုံ ခါးပတ်တပ်ဆင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဗီဒီယိုခွေများပြသရှင်းလင်းပြောကြားခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် တိုင်းဒေသကြီး တီဘီဆရာဝန်များ ကွင်းဆင်း၍ ရောဂါရှာဖွေ ကုသပေး

**ကျောင်းကုန်း အောက်တိုဘာ ၁၇**
တီဘီရောဂါဖြစ်ပွားမှု၊ ပျံ့နှံ့မှုများကို ထိန်းချုပ်နိုင်ရန်နှင့် ထိရောက်သောကုသမှုများကို ချက်ချင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးတိုက်နယ်ဆေးရုံတွင် ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းကုသပေးခဲ့ကြသည်။

အဆိုပါအဖွဲ့ကို တိုင်းဒေသကြီး တီဘီဆရာဝန် ဒေါက်တာဟိန်းထက်ကျော်စိုး ဦးဆောင်သောအဖွဲ့က ချောင်ကြီးအုပ်စု၊ ဖုန်းဆိုးအုပ်စု၊ ကျားကိုက်ချောင်းအုပ်စု၊ ထောက်ရှာအုပ်စုများမှ ဝေဒနာရှင် ၁၇၀ အား တီဘီရောဂါ၊ အဆုတ်ရောဂါ၊ အမောရောဂါစသည်ဖြင့် ရောဂါရှာဖွေကုသပေးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်တွင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် လေးအိမ်ပုဂံစု စာသင်ကျောင်း၌လည်းကောင်း ဆက်လက်ဆေးကုသပေးမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်၌ ကြွေးဖုံးခမောက်ရက်လုပ်ငန်းဖြင့် မိသားစုအပိုဝင်ငွေရရှိ



**ဝန်းသို အောက်တိုဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်ထွက် ကြွေးဖုံးခမောက်ရက်လုပ်ငန်းဖြင့် မိသားစုအပိုဝင်ငွေရရှိသဖြင့် တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ယခင်ကဆိုလျှင် ခပ်ချိုကျေးရွာတစ်ရွာတည်းသာ ကြွေးဖုံးခမောက်ကို ရက်လုပ်လျက်ရှိပြီး ယခုအခါ အနယ်နယ်အရပ်ရပ်ရှိ တောင်သူများ လူကြိုက်များလာသဖြင့် တောင်ဘို့လ၊ ကင်း၊ ချောင်းဆုံကျေးရွာများကပါ ကြွေးဖုံးခမောက်ကို ရက်လုပ်လျက်ရှိကြောင်း၊ ကြွေးဖုံးခမောက်ရက်ရာတွင် ဝါးကိုခွဲခြမ်းစိတ်ဖြာ၍ ပြန်လည်ရက်လုပ်ပုံဖော်ခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ခမောက်မှာပုံစံကျပြီး ပို၍အသုံးခံသောကြောင့် လူကြိုက်များကြောင်း သိရသည်။ ရှေးဦးစွာ ခမောက်များကို ပုံစံကျအောင် အကြမ်းပြင်ခြင်း၊ စိတ်၍သပ်ပြီးဖြစ်သော နီးဖြင့်စ၍ ဖွေလှည့်ခြင်း၊ ခွေတံတင်ခြင်း၊ ပက်ပင်ထည့်ခြင်း၊ အနားသတ်ခြင်းစသည်တို့ အဆင့်ဆင့်လုပ်ဆောင်ရသည်။ ခမောက်အပေါ်တွင် ပန်းအလှများ၊ ပန်းချီရေးဆွဲထားသည့် ခမောက်အပြန့်အလှဆောင်းတစ်လုံးလျှင် ငွေကျပ် ၉၀၀၊ ခမောက်အကြမ်း တစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချကြကြောင်း ခမောက်ရက်လုပ်ရန်အတွက် အခြားလိုအပ်သော နီး၊ အပ်ချည်ကြိုး၊ ပလတ်စတစ်ကြိုးများ၏ ကုန်ကျစရိတ်လည်းရှိကြောင်း၊ မိုးလုံ၊ ရေလုံအောင် ပလတ်စတစ်များခံကာ နှစ်ထပ်ချုပ်ထားသဖြင့် ကြာရှည်အသုံးခံခြင်းကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ခမောက်ရောင်းဝယ်ရေးဆိုင်များသို့ ထုပ်ပိုးကာ ရထားဖြင့်ပို့ဆောင်ပေးရကြောင်း တောင်ဘို့လကျေးရွာမှ ကြွေးဖုံးခမောက်ရက်လုပ်သူ မနန်းမေဦးက ပြောသည်။

တစ်နှစ်ပတ်လုံးတွင် မိုးစပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် ခဏတာရပ်နားကြပြီး အားလပ်သောအချိန်များ၌ အချိန်ကိုအကျိုးရှိစွာ အသုံးချ၍ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်ခြင်းကြောင့် အပိုဝင်ငွေရရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ဝန်းသိုမြို့နယ် ဒေသခံတောင်သူများ နေပူမိုးရွာ ခေါင်းဆောင်းအကာအကွယ်အဖြစ် အသုံးပြုသော ကြွေးဖုံးခမောက်များ ရက်လုပ်သည့်လုပ်ငန်းကို တစ်နှစ်ပတ်လုံး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ကြကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ရွှေ့ပြောင်းအလုပ်သမားများအားပြန်လည်လက်ခံ

**ကော့သောင်း**
ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ၁၂ ဦးနှင့် ကလေးငယ် လေးဦးအပါအဝင် စုစုပေါင်းအလုပ်သမား ၈၄ ဦးကို အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက် လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ်တာဝန်ရှိအဖွဲ့အစည်းများက လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကြိုဆိုလက်ခံကာ ပြည်သူ့ကျန်းမာရေးဌာနမှလိုအပ်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

### စိုက်ပျိုးစရိတ်ချေးငွေအစောဆုံးပြေကျေသည့် ကျေးရွာအုပ်စုများကို ဂုဏ်ပြု

**ပင်လည်ဘူး**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ၂၀၁၈ ခုနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့သော စိုက်ပျိုးစရိတ်ချေးငွေအစောဆုံးပြေကျေသည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုလက်ဆောင်များချီးမြှင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ချေးငွေ အစောဆုံးပြေကျေသည့် ၅ မိုင်ဝန်းကျင်ဒေသ မြို့မရပ်ကွက်၊ ဘန့်ဘွေးကုန်းကျေးရွာ အုပ်စု၊ စင်လောင်ကျေးရွာအုပ်စု၊ မြောက်မိုင်းဒေသ ကံကုန်းကျေးရွာအုပ်စုနှင့် မော်လင်ကျေးရွာအုပ်စု၊ နောင်ကင်း ကျေးရွာအုပ်စုနှင့် အထူးဆုရရှိသော ပင်းကြိုင်း ကျေးရွာအုပ်စုတို့အား ဂုဏ်ပြုဆုလက်ဆောင်များချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

### မိုင်းယောင်း၌ နတ်ပူဇော်ပသပွဲ (နတ်ဈေးပွဲ) ကျင်းပ

**မိုင်းယောင်း**
ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ်တွင် နှစ်စဉ်ကျင်းပသည့် နတ်ပူဇော်ပသပွဲ (နတ်ဈေးပွဲ)ကို အောက်တိုဘာ ၁၆ ရက်ကစတင်၍ အောက်တိုဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီအထိ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်နတ်နန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ရှမ်းတိုင်းရင်းသားရိုးရာတေးသီချင်း (ရှမ်းအခေါ်(ခပ်)သီချင်း)ဖြင့် နတ်ကိုပင့်ဖိတ်ကာ ပူဇော်ပသကြသည်။

နံနက်ပိုင်းနတ်ဈေးပွဲတွင် ဒေသခံတိုင်းရင်းသားပြည်သူများသည် မိမိတို့၏ ရိုးရာဝတ်စုံများကို တန်ဖိုးထားဝတ်ဆင်ကြသည့်အပြင် ဒေသ၏ရိုးရာအစားအစာများကို တစ်နှစ်တစ်ခါ ဝယ်ယူသုံးဆောင်ကြသည်ကို တွေ့ရသည်။

နတ်ပူဇော်ပသပွဲ (နတ်ဈေးပွဲ)ကျင်းပသည့်အချိန်တွင် ရပ်ဝေးရောက်နေကြသူများ၊ ခရီးထွက်နေကြသူများအားလုံး ပြန်လည်ဆုံကြသည့်အပြင် လယ်ယာလုပ်ငန်းများပါ ရပ်နားထားကြကာ နတ်ပူဇော်ပသပွဲ(နတ်ဈေးပွဲ)ကို ဒေသခံရှမ်းတိုင်းရင်းသားများက နှစ်စဉ်အထူးအလေးထား ကျင်းပလေ့ရှိကြောင်း သိရသည်။ **အားချာ(ပြန်/ဆက်)**

# ကသာမြို့မင်းပြည်သူ့ ဘိုးဘွားရိပ်သာ ဆေးပေးခန်း ပန္နက်တင်မင်္ဂလာ ပြုလုပ်



**ကသာ အောက်တိုဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ မင်းပြည်သူ့ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ဘိုးဘွားများကျန်းမာရေး အနီးကပ်စောင့်ရှောက်ရန်ရည်ရွယ်၍ ဘိုးဘွားရိပ်သာကော်မတီဝင် ဒေါ်ဂျိုးဂျိုး(ကွယ်လွန်)၏ဆန္ဒအရ ကျန်ရစ်သူမိသားစုက ဆေးပေးခန်းအတွက် မတည်အလှူငွေကျပ်သိန်း ၃၀ ဖြင့် ပန္နက်တင်အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ ဒေါက်တာဖြူပြာမင်း (တီဘီအနာကြီးရောဂါတိုက်ဖျက်ရေး)၊ ဘိုးဘွားရိပ်သာကော်မတီဝင်များက ပန္နက်တင်မင်္ဂလာ ပြုလုပ်ပေးခဲ့ကြသည် ။

ထို့နောက် မင်းပြည်သူ့ဘိုးဘွားများ အနီးကပ်ဆေးပေးခန်းအဆောက်အအုံသုံးခန်းပတ်လည် တစ်ထပ်တိုက်ဆောက်လုပ်သွားမည်ဖြစ်၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဘိုးဘွားရိပ်သာကော်မတီ ဖုန်း ၀၉- ၄၀၀၄၃၅၅၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ပင်စင်စားများ လွယ်ကူမြန်ဆန်စွာ ပင်စင်ထုတ်ယူနိုင်



**ရန်ကုန် အောက်တိုဘာ ၁၇**
နိုင်ငံတော်မှ ပင်စင်စားများကို တိုးမြှင့်ပင်စင်ချီးမြှင့်ပြီးနောက်ပိုင်း ယခင်ထက် ပင်စင်လစာရရှိမှုအပေါ် ကျေနပ်အားရလျက်ရှိပြီး မိမိတို့၏ပင်စင်လစာများကို အထူးဂရုပြု ထုတ်ယူလျက်ရှိရာ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် မြို့ပြနှင့် ကာကွယ်ရေးပင်စင်ကို တစ်နေရာတည်းမှထုတ်ပေးသောကြောင့်ပင်စင်ထုတ်ရက် ၂၁ရက်တွင် ခရီးဝေးမှ သက်ကြီးပင်စင်စားများမှာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရရာ ဖုန်လပိုင်းမှစ၍ မိမိတို့ပင်စင်ဌာနအလိုက် ခွဲ၍ တန်းစီစနစ်ဖြင့် ထုတ်ပေးခဲ့ပြီး တိုကင်ကတ်ပြား ကြိုတင်ရရှိရန် ငွေကြေးပေးရသောစနစ် မရှိတော့၍ ငွေကြေးကုန်ကျမှုမရှိသည့်အပြင် လွယ်ကူမြန်ဆန်စွာ ပင်စင်ထုတ်ယူနိုင်လျက်ရှိကြောင်း သိရသည်။

"အခု အဘတို့သက်ကြီးရွယ်အိုတွေ ပင်စင်ထုတ်ရတာအဆင်ပြေသွားတဲ့အတွက်ကျေးဇူးလည်းတင်တယ်။ အချို့လည်း WaveMoney နဲ့ထုတ်လို့ရအောင် ဆောင်ရွက်ပေးပြီး စာအုပ်တွေကို စမတ်ကတ်ဆောင်ရွက်ပေးတာကြောင့် ကိုယ်ကြိုက်တဲ့အချိန် ထုတ်လို့ရတဲ့အတွက် အရင်လိုမပင်ပန်းတော့ပါဘူး" ဟု မင်္ဂလာဒုံမြို့နယ်မှ ကာကွယ်ရေးပင်စင်လာရောက်ထုတ်ယူသူ ဦးတင်မြက ပြောသည်။

ယခင်က လှိုင်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူရာ၌ တိုကင်ကတ်ပြားတစ်ကတ်လျှင် ကျပ် ၅၀၀ ပေးရပြီး တိုကင်နံပါတ် ၁၀၀ တွင် ပါဝင်နိုင်ရန် ပွဲစားများကို ငွေကြေးပေးရလျက်ရှိရာ သုံးလစာ မိမိတိုကင်နံပါတ်စီနီယာအတိုင်း ထုတ်ယူနိုင်ရန် ငွေကျပ် ၅၀၀၀ ပေးရသောကြောင့် ငွေကြေးမပေးလိုသော ပင်စင်စားများမှာ ပွဲစားများစီမံသည့်အတိုင်း စောင့်ဆိုင်းထုတ်ယူရသည့်အတွက် လူအုပ်ကြီးဖြင့် သက်ကြီးပင်စင်စားများမှာ အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

"မြို့ပြနဲ့ ကာကွယ်ရေးခွဲထုတ်ပြီး ပင်စင်လစာပေးလိုက်တော့ အားလုံးအဆင်ပြေသွားကြတယ်၊ တိုကင်ကိုလည်း ကာကွယ်ရေးပင်စင်အတွက် အနီ၊ မြို့ပြပင်စင်အတွက် အပြာကို ဘဏ်တံဆိပ်တုံးနဲ့ ထုတ်ပေးတာ။ အခု အားလုံးအဆင်ပြေသွားပါပြီ" ဟု လှိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဦးတင်နေအောင်က ပြောသည်။

လှိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ပေးသောရက်ဖြစ်သည့် ၂၁ ရက် နံနက် ၅ နာရီတွင် ဝန်ထမ်းများရောက်ရှိကာ ပင်စင်စားများအား တိုကင်များပေးဝေပြီး နံနက် ၅ နာရီခွဲတွင် တိုကင် ၁ မှ ၁၀ ထိ ၁၀ ယောက်အုပ်စုဖြင့် လာရောက်သောလူဦးရေအတိုင်း ပင်စင်ထုတ်ပေးခြင်းကြောင့် သက်ကြီးရွယ်အိုများ လူတိုးရသောအခက်အခဲကင်းဝေးခဲ့ပြီး ၂၁ ရက်နောက်ပိုင်းတွင် ဘဏ်၌ လူရှင်းခဲ့၍ အေးဆေးစွာထုတ်လိုသော သက်ကြီးပင်စင်စားများအတွက်လည်း အဆင်ပြေချောမွေ့လျက်ရှိသည်။

လှိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် မြို့ပြပင်စင်စား ၁၁၀၀၀ ကျော်၊ ကာကွယ်ရေးပင်စင် ၄၈၀၀ ခန့် ပင်စင်ထုတ်ယူလျက်ရှိ၍ ပင်စင်ထုတ်ယူမှုများသော ၂၁ ရက်တွင် ဘဏ်မှ နံနက် ၅ နာရီမှ ၈ နာရီခွဲထိ လူ ၅၀၀ ကျော်အား ကော်ဖီနှင့် မုန့်ကို ကျွေးမွေးသည့်နည်းတူ အင်းစိန်ဘဏ်တွင်လည်း ပင်စင်စားများကို နံနက်စာကျွေးမွေးသည့်အတွက် နံနက်စောစီးစွာရောက်ရှိနေသော သက်ကြီးပင်စင်စားများအတွက် အဆင်ပြေလျက်ရှိသည်။

ဘဏ်သို့ ပင်စင်မထုတ်နိုင်သော သက်ကြီးရွယ်အို ပင်စင်စားများအား ကိုယ်စားလှယ်တစ်ဦးက လာရောက်အကြောင်းကြားပါက ဘဏ်ဝန်ထမ်းများက အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

# သီတင်းကျွတ်နှင့် တန်ဆောင်တိုင် ၁၀ ရက်ကြာ ကစားစရာစုံစွာ မီးထွန်းပွဲတော်ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Golden City Condo မှ အောက်တိုဘာ ၁၈ ရက်မှ ၂၇ ရက်ထိ ၁၀ ညတိုင်တိုင် ပျော်ရွှင်စရာ ပျော်ပွဲရွှင်ပွဲမီးထွန်းပွဲတော်နှင့်အတူ စိတ်ဝင်စားဖွယ်ရာ ပန်းချီ၊ ကာတွန်း အနုပညာပြပွဲများ၊ ကလေးသူငယ်၊ လူငယ်လူကြီး ကိုယ်လက်လှုပ်ရှားအားကစားပွဲများအပြင် ဟင်းချက်ပြိုင်ပွဲ၊ ကွန်ဒိုဝယ်ယူမည့်သူများအတွက် အထူးပရိုမိုးရှင်းများလည်း စီစဉ်ထားသည်ဟု သိရသည်။

"ဒီပွဲတော်ဟာ မြန်မာ့ရိုးရာ မီးထွန်းပွဲတော်အဖြစ် မိသားစုတွေ တစုတဝေးတည်း အတူတကွ ပျော်ရွှင်စွာဆင်နွှဲကြရမယ့် ပွဲတော်ကြီးတစ်ခုလည်းဖြစ်ပါတယ်" ဟု ဂိုးဒင်းစီးတီးတာဝန်ခံ ဒါရိုက်တာ ဦးကျော်စည်သူက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ဒလမြို့နယ်၌ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်သီရိဇေယျနေ်ရထာခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ရပ်ကွက်/ကျေးရွာအတွင်းရှိ လမ်းများ၊ တံတားများစသည့် လုပ်ငန်းများကို စနစ်တကျ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

ယင်းနောက် မြို့နယ်စီမံကိန်းဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမြင့်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်စု



အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## တိုတိုထွာထွာဖတ်စရာ

## ပန်းတောင်းမြို့လုံခြုံရေး ရှာဖွေစစ်ဆေး

**ပန်းတောင်း**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်မြို့ ပုသိမ်-မုံရွာ လမ်းဆုံ၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အောက်တိုဘာ ၁၅ ရက် ည ၇ နာရီတွင် လုံခြုံရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်မြို့သည် ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဆုံသည့်အတွက် ဥဿျှစ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းလှနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်

**ဂန့်ဂေါ**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဂန့်ဂေါမြို့နယ် ကျေးရွာ ၁၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာများမှာ လယ်မ၊ ချောင်းနက်၊ ဖက်ဝန်း၊ မောလယ်၊ သင်တော၊ တော်ဝင်၊ မွေ့လယ်၊ တောင်ယာပြင်၊ ရွှေတောင်၊ မောက်၊ ဇီးမွေးနှင့် အောင်မြင်ကျေးရွာများဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

## ပေါင်းတည်မြို့၌ ဘောလုံးပြိုင်ပွဲကျင်းပ

**ပေါင်းတည်**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ အင်းကြီးကျေးရွာတွင် (၂၂)ကြိမ်မြောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ခေမံကျေးရွာဘောလုံးအသင်းနှင့် ကျွန်းတိုင်းကျေးရွာဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ပန်လီ-ဘူရှီး-တာချီလိတ်လမ်း အဆင့်မြှင့်

**တာချီလိတ် အောက်တိုဘာ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ ပန်လီ-ဘူရှီး-တာချီလိတ် ကားလမ်းမှာ ၂၅ ဒသမ ၅၄၈ ကီလိုမီတာရှိပြီး ခရိုင်၊ မြို့နယ်၊ ကျေးရွာများသို့ ဆက်သွယ်ထားသည့် ကားလမ်းဖြစ်သည်။

ကျိုင်းတုံနှင့် တာချီလိတ်တို့ကို ဆက်သွယ်ပေးသည့် လမ်းတစ်လမ်းလည်းဖြစ်သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၄၅၂ ဒသမ ၇၂၈ သန်းဖြင့် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်လမ်း သုည ဒသမ ၈၀၅ ကီလိုမီတာ၊ ကတ္တရာလမ်း ၁၇ ဒသမ ၈ ကီလိုမီတာ၊ ကျောက်ချောလမ်း ၂၄ ဒသမ ၇၄၅ ကီလိုမီတာအထိ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**မိတ္ထီလာ အောက်တိုဘာ ၁၇**
မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ၌ ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီး၍ ကျေးရွာမှ ဒေသထွက်ကုန်များသယ်ယူပို့ဆောင်ရာတွင် အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလည်ရွာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာသူကျေးရွာသားများစုပေါင်းထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၈ သိန်းဖြင့် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးရွာတွင်းလမ်းမှာ ရေများဝပ်၍ သွားလာရခက်ခဲသောကြောင့် စာသင်ကျောင်းသွားလာရသည့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ သွားလာရသည့် ဒေသခံများနှင့် ဒေသထွက်ကုန်များသယ်ယူပို့ဆောင်ရာတွင် အခက်အခဲတွေ့ခဲ့ရပြီး ယခုဆိုလျှင် အဆိုပါလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်၍ ဒေသခံကျေးလက်နေပြည်သူများ သွားလာရ အဆင်ပြေတော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စပါးအသင်းက အဲရစ်ဆင်ရဲ့နေရာကို အစ္စကိုနဲ့ အစားထိုးဖို့ ပြင်ဆင်နေ

စပါးအသင်းဟာ လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ကွင်းလယ်ကစားသမား အဲရစ်ဆင်ရဲ့နေရာကို အစားထိုးဖို့ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား အစ္စကိုကို ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အဲရစ်ဆင်ဟာ လက်ရှိစပါးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ရှစ်လကျန်ရှိနေသေးတာဖြစ်ပါတယ်။ အဲရစ်ဆင်ဟာ နွေရာသီကာလကတည်းက စပါးအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

အဲဒါကြောင့် စပါးအသင်းက အဲရစ်ဆင်နေရာမှာ အစားထိုးဖို့အတွက် အစ္စကိုကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား အစ္စကိုကို ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အစ္စကိုဟာ နည်းပြဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ လက်ရှိရာသီမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေပြီး ၁၀၄ မိနစ်သာ ပါဝင်ကစားခွင့် ရရှိထားတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်ယူအသင်း ကွင်းလယ်ကစားသမားပေါ့ဘာကို ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့အပြင် လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ ကစားသမား တော်တော်များများကို ရောင်းချသွားဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။



# ချယ်လ်ဆီးအသင်းမှာ မပျော်မရွှင်ဖြစ်နေတဲ့ ဂျရူးကို အင်တာမီလန်အသင်းက ခေါ်ယူမည်ဟုဆို

တိုက်စစ်မှူး ဂျရူးဟာ လက်ရှိကလပ် ချယ်လ်ဆီးအသင်းမှာ မပျော်မရွှင်ဖြစ်နေတာကြောင့် အင်တာမီလန်အသင်းက ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

အင်တာမီလန် အသင်းဟာ တိုက်စစ်ပိုင်း အားဖြည့်ဖို့အတွက် မန်ယူတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ကို အငှားစာချုပ်နဲ့ ခေါ်ယူခဲ့ပေမယ့် လက်ရှိမှာ ဒဏ်ရာပြဿနာကြုံနေတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဆန်းချက်ဟာ ချီလီအသင်းနဲ့ ကိုလံဘီယာအသင်းတို့ ဂိုးမရှိသရေကျခဲ့တဲ့ပွဲစဉ်မှာ ဘယ်ဘက်ခြေသလုံး ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ ရိုးမားအသင်းက တိုက်စစ်မှူး ဇက်ကိုကို မခေါ်ယူနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ အပြောင်းအရွှေ့ကာလက မန်ယူတိုက်စစ်မှူး လူကာကူကို ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာလည်း တိုက်စစ်ပိုင်းအတွက် ဂျရူးကို ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းရဲ့ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီဟာလည်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်းထံ ပြောင်းရွှေ့သွားခဲ့တာကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်းမှာ တိုက်စစ်မှူး ဂျရူးကို မခေါ်ယူနိုင်ခဲ့ရင်တောင် အခြားသော တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေ ခေါ်ယူမယ်လို့လည်း ဆိုပါတယ်။



# ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ တိုနီခရူးစ်ကို မန်ယူအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေ

မန်ယူအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမားတိုနီခရူးစ်ကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။

မန်ယူအသင်းအနေနဲ့ တိုနီခရူးစ်ကို ခေါ်ယူဖို့ကာလရှည်ကြာစောင့်နေခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက်တော့ တိုနီခရူးစ်ကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် တိုနီခရူးစ်အဝင် ပေါ့ဘာအထွက်ဖြစ်လာနိုင်တယ်လို့လည်း သုံးသပ်သူတွေက ဆိုပါတယ်။

၂၀၁၃ ခုနှစ် မန်ယူအသင်းနည်းပြ မိုယက်စ်လက်ထက်ကတည်းက တိုနီခရူးစ်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ ပေါင် ၆၆ ဒသမ ၉ သန်းပေးပြီးခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

တိုနီခရူးစ်ဟာ ပြီးခဲ့တဲ့မေလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားတာဖြစ်ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကလည်း တိုနီခရူးစ်ကို ရောင်းချပြီး မန်ယူအသင်းရဲ့ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့ပြင်ဆင်နေပါတယ်။

ငွေကြယ် - စုစည်းသည်






# နယူးကာဆယ်က မက်သီလောင်းစတက်ကို စာချုပ်သစ်ချုပ်ဆိုမည်

နယူးကာဆယ်အသင်းဟာ လာမယ့်ရက်ပိုင်းအတွင်းမှာ မက်သီလောင်းစတက်ကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ လူငယ်ကစားသမား မက်သီလောင်းစတက်ဟာ နယူးကာဆယ်အသင်းက မန်ယူအသင်းကို အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပထမဆုံး ပရီမီယာလိဂ်ပွဲစဉ်အဖြစ် စတင်ပွဲထွက် ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မက်သီလောင်းစတက်ဟာ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တာကြောင့် နယူး ကာဆယ်အသင်းက ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်လာတာဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ အခုတစ်ပတ်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာလည်း မက်သီလောင်းစတက်ကို ထည့်သွင်းကစားစေဖို့ နယူးကာဆယ်အသင်းက စီစဉ်ထားပါတယ်။

# အဲဗာတန်ကွင်းလယ်လူ ဂျီဘာမင် ဇန်နဝါရီလအထိ အနားယူရမည်

အဲဗာတန် ကွင်းလယ်ကစားသမား ဂျီဘာမင်ဟာ ပေါင်ဒဏ်ရာရရှိခဲ့တာကြောင့် ခွဲစိတ်ကုသမှုတွေ လုပ်ဆောင်ခဲ့ပေမယ့် ဒဏ်ရာမသက်သာသေးတာမို့ ဇန်နဝါရီလအထိ အနားယူရဖို့ ရှိနေတယ်လို့ သိရပါတယ်။


အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျီဘာမင်ဟာ ဩဂုတ် ၁၇ ရက်က ဝက်ဖို့ဒ်အသင်း၊ ခရစ္စတယ်ပဲလေ့အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်းနဲ့ ပွဲစဉ်မတိုင်ခင် လေ့ကျင့်ရေးဆင်းချိန်မှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ဩဂုတ် ၂ ရက်မှာ မိန့်ဇ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ကွင်းလယ်ကစားသမား ဂျီဘာမင်ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။

# လီဗာပူးအသင်းနဲ့ပွဲစဉ်တွင် ပေါ့ဘာ လွဲချော်မည်

မန်ယူအသင်း ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ဒဏ်ရာရရှိထားတာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ လွဲချော်မယ်လို့ သိရပါတယ်။

ပေါ့ဘာအပြင် ဂိုးသမားဒီဂီယာလည်း လီဗာပူးအသင်းနဲ့ပွဲစဉ်မှာ ဒဏ်ရာကြောင့် ပါဝင်လာမှာမဟုတ်ဘူးလို့ သိရပါတယ်။ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ စက်တင်ဘာ ၃၀ ရက်က အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ပွဲစဉ်မှာ မန်ယူအသင်းအတွက် နောက်ဆုံးကစားပေးခဲ့တာဖြစ်ပါတယ်။




Kan Thar Yar
International Specialist Hospital
MEDICAL CHECK-UP
PACKAGES-2019
Platinum Heart
Gold Heart
Silver Heart
Super Women
Super Man
Annual Check-up

ကြော်ငြာ


ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရဲမြင့်

ရွှေသမင်ဆေးတိုက်(ကြို့ပင်ကောက်)

### အသက် (၁၀၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အမှတ် (၇၆)၊ ပန်းတင်လမ်းနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၀၈/စီ)၊ (၃)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်းနေ (ဦးမိုင်-ဒေါ်စိန်)တို့၏ သား၊ (ဒေါ်စောမြင့်)၊ (ဒေါ်အေးသန်း)တို့၏ ခင်ပွန်း၊ ဦးကြင်ထွန်း-ဒေါ်တင်တင်ဦး၊ ဦးဇော်မင်းဦး-ဒေါ်အေးအေးသန်း၊ ဦးသောင်းညွန့်-ဒေါ်နွဲ့နွဲ့ဝင်း၊ (ဒေါ်ခင် ခင်ကြီး)၊ ဦးတင်အောင်မိုး-ဒေါ်ခင်ခင်လေး၊ ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန်းမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်အောင်ကျော်-ဒေါ်တင်မာချိုတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘိုးသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်မြင့်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်)

### အသက်(၁၀၀)

ကြို့ပင်ကောက်မြို့နေ (ဦးမိုင်-ဒေါ်စိန်)တို့၏ သားထွေး၊ ခေတ္တ New York မြို့နေ ဒေါ်မြကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျင့်ဝန်-ဒေါ်သန်းသန်းဌေး၊ ဦးထိန်တင်-ဒေါ်တင်တင်ဌေး၊ ဦးကံထွန်း-ဒေါ်ကြင်ကြင်ဌေး(New Jersey)၊ ဦးသိန်းရွှေ (မန်နေးဂျင်းဒါရိုက်တာ လပြည့်ဝန်းကုမ္ပဏီလီမိတက်)-ဒေါ်ခင်သီတာဦး၊ ဒေါက်တာမောင်မောင်ရွှေ-ဒေါ်ရင်ရင်မြင့်(Califonia)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးတင်မြင့်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) New York မြို့ စံတော်ချိန် မွန်းလွဲ ၁၂:၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) တွင် New York, Valhalla မြို့ Kensico Cemetery ၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင် (ပဲခူး)

အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဦးဇော်မင်း (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်သည် ၁၃-၁၀-၂၀၁၉ ရက်တွက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၁၅)မှ**
**ကျောင်းဆင်း သူငယ်ချင်းများနှင့် မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သူမြိုင်

Consultant of ji ji Press Japan News Agency

ရုံးအဖွဲ့မှူးဟောင်း၊ သတင်းမီဒီယာကောင်စီ

အသက် (၆၃) နှစ်

ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန၊ ဒေါက်တာမြင့်သူမြိုင် (ပါမောက္ခ၊ ဌာနမှူး) ၏ ချစ်လှစွာသောအစ်ကိုသည် (၁၁. ၁၀. ၂၀၁၉) ရက်နေ့ (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ (ဌာနမှူး)၊ ပါမောက္ခနှင့်ဆရာများ**
ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

ဘီလင်းမြို့နယ်အသင်း (ရန်ကုန်)

### ဒေါ်သန်း (ဘီးလင်းမြို့)

အသက်(၇၉)နှစ်

ရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၂၂၃)နေ ဦးတင်လှ (အေးချမ်းစတိုး)၏ ဇနီး၊ ဘီးလင်းတိုက်သစ်ကျောင်း ဒါယိကာမကြီးဒေါ်သန်းသည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၁၉ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးမြင့်အောင်အစား ဦးအောင်မြင့် [၁၂/တမန(နိုင်)၀၄၄၄၆၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**

### ဦးသန်းအောင်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄)၊ ပဒေသာ လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသိန်းအောင်)-ဒေါ်ခင်ညွန့်တို့၏ ညီ၊ (ဒေါ်မြင့်ကြူး)၏ မောင်၊ (ဒေါ်ချစ်ချစ်ဆွေ)၏ ခင်ပွန်း၊ ဦးတင့်ကို-ဒေါ်သီတာ အောင်(ကြူကြူးစတိုး)၊ ဦးအောင်စိုးကျော်(ကျော်ကြားဂတ်စ်ကတ်)၊ ဦးယဉ် မင်းအောင်-ဒေါ်ခင်မိုးနွယ်၊ ဦးဇော်သူရ-ဒေါ်သင်းသင်းအေး တို့၏ ဖခင်၊ ဒေါ်ခင် ခင်ဆွေ၊ ဦးသန်းထွန်း-ဒေါ်မီးမီး၊ ဦးမျိုးညွန့်-ဒေါ်ထိုက်ထိုက်စိုး တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးသိန်းညွန့်

အသက်(၈၀)

မြန်မာမှုကျောက်စာရေးထွင်းသူပညာရှင်
ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်းနာယကကြီး

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပဒင်းတန်း၊ အမှတ်(၆၂၇)နေ (ဦးကြယ်-ဒေါ်ကျော့စိန်)တို့၏ သား၊ (ဦးသူတော်-ဒေါ်ရွှေညွန့်)တို့၏ သားသမက်၊ ဒေါ်သန်းသန်း၏ ခင်ပွန်း၊ ဒေါ်ပြည့်ပြည့်ပွင့်(GIZ)၊ ဦးပြည့်စုံအောင်(MAX POWER CO.,LTD.)-ဒေါ်ထက်ထက်ထိုက်တို့၏ မွေးသဖခင်၊ မခင်ခန့်ခန့်ခိုင်၊ မောင်ကောင်းခန့်ညားဟိန်း တို့၏ အဘိုး ဦးသိန်းညွန့်သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ကြည်ကြည်စိန်

အသက်(၆၀)

အထက(၄)၊ ကြည့်မြင်တိုင်(ငြိမ်း)

အမှတ်(၁၁)၊ ပန်းလှိုင်လမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးတင်အောင်-ဒေါ်သောင်းရင်)တို့၏ သမီးကြီး၊ ဦးဇော်လင်း၊ (ဦးဇော်မင်း)၊ (ဦးအောင်မျိုးလွင်-ဒေါ်ကြည်ကြည်ဝင်း)၊ ဦးဇော်မြင့်-ဒေါ်ဝင်းဝင်းရီ၊ ဦးဇော်သိန်း-ဒေါ်သန်းသန်းထွေး၊ ဦးဇော်ထွန်း-ဒေါ်ဥမ္မာ တို့၏ အစ်မကြီး၊ မောင်မင်းသန့်ထူး၊ မောင်ထူးမြတ်၊ မယမင်းဦး၊ မသင်းဆုရတနာတို့၏ အဒေါ် ဆရာမဒေါ်ကြည်ကြည်စိန်သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်)

အသက် (၁၀၂) နှစ်

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းများအသင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းလွင်၏ ဖခင်ကြီး ဦးရဲမြင့် (ရွှေသမင်ဆေးတိုက်-ကြို့ပင်ကောက်)သည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်

အသက် (၁၀၂) နှစ်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်မြို့)

ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) နာယက
ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) ယခင်ဥက္ကဋ္ဌ

ဦးထွန်းလွင် (ဒုဥက္ကဋ္ဌ) ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) - ဒေါ်လဲ့လဲ့ဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးရဲမြင့်သည် ၁၆-၁၀-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဝင်း

အသက်(၈၈)နှစ်

စင်ကာပူမြို့နေ WKC Engineering Services (Singapore)ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းဦး-ဒေါ်ဝါဝါလွင် တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးတင်ဝင်းသည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၇:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**RIT (86) စင်ကာပူမှ သူငယ်ချင်းများ**

## တောမဲ့မြေသား ရေတိုက်စား၏

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးအုန်းကျော် (သဲတောမြို့)

အသက် (၉၁)နှစ်

(ကိန္နရီ ချည်ချောလုံချည်)

သဲတောမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦးထွန်းအောင်-ဒေါ်မြ)တို့၏ သား၊ (ဦးသောင်း-ဒေါ်ပန်းညွန့်)တို့၏ သားသမက်၊ ဒေါ်မှီ၏ ခင်ပွန်း၊ (ဦးဘသွင်)၊ ဦးသောင်းညွန့်-(ဒေါ်တင်မိ)တို့၏ ညီ/မောင်၊ ဦးမြတ်မိုးဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းယု၊ ဦးလှမျိုး-ဒေါ်နှင်းဝေအောင်၊ ဒေါက်တာစန်းလွင်-ဒေါက်တာဝေဝေမွန်တို့၏ ဖခင်၊ မောင်ကောင်းမြတ်ဝင်း၊ မအင်ကြင်းမှီတို့၏ ဘိုးဘိုးကြီး ဦးအုန်းကျော်သည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် သဲတောသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခေမာဟန်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမြဟန်-ဒေါ်ထိပ်တင်ခေါင်ကြီး)တို့၏ သမီးလတ်၊ ဦးစောဟန်တော်၊ ဦးစောဟန်မော်-(ဒေါ်ကြည်ကြည်အေး)၊ ဒေါ်သီတာဟန်၊ (ဒေါ်စန္ဒာဟန်)၊ ဒေါ်ဥမ္မာဟန် တို့၏ ညီမ၊ ဒေါ်နီလာဟန်၏ အစ်မ၊ ကမာရွတ်မြို့နယ်၊ တိုက်(G)၊ အခန်းအမှတ်(၀၀၂)၊ သဘော်ကျင်းဝန်ထမ်းအိမ်ရာနေ ဦးရဲဝင်းနိုင်၏ ဇနီး၊ မတိုးတိုးဟန်၊ မောင်သီဟ၊ မောင်ကောင်းမြတ်ဟန် တို့၏ မိခင် ဒေါ်ခေမာဟန် သည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃:၃၅ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်)

အသက် (၁၀၂) နှစ်

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းလွင်၏ ဖခင်ကြီး ဦးရဲမြင့်(ရွှေသမင်ဆေးတိုက်-ကြို့ပင်ကောက်)သည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး**
**ထုတ်လုပ်သူများနှင့်**
**ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

### ဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်

အသက် (၁၀၂)နှစ်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်မြို့)

မြန်မာပြည်၊ ချီးကျုန်း၊ ကျန်းမျိုးနွယ် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် လူမှုရေး အသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းလွင်၊ အမှုဆောင်ဦးသန်းမြင့် တို့၏ဖခင်ဖြစ်သူ ဦးရဲမြင့် အသက် (၁၀၂)နှစ် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းရပါကြောင်း။

မြန်မာပြည်၊ ချီးကျုန်း၊ ကျန်းမျိုးနွယ်အသင်း

### ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မြင့်

အသက် (၁၀၀)နှစ်

ရွှေသမင်ဆေးတိုက် (ကြို့ပင်ကောက်မြို့)

မြန်မာပြည်၊ ချီးကျုန်း၊ ကျန်းမျိုးနွယ် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် လူမှုရေး အသင်းအမှုဆောင် ဦးသိန်းရွှေ(Liberty Hotel) နှင့် Dr.Mg Mg Swe (NY,NY) တို့၏ဖခင် ဦးတင်မြင့် အသက် (၁၀၀)နှစ်သည် Newyork မြို့ (၁၅-၁၀-၂၀၁၉ USA နေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းရပါကြောင်း။

မြန်မာပြည်၊ ချီးကျုန်း၊ ကျန်းမျိုးနွယ်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စဝ်နန်းအမ်အောင်(ခ)ဒေါ် Violet ခွန်ဆမ်

### အသက်(၇၄)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အမှတ်(၁၉)၊ မြဝတီလမ်း၊ ပန်လုံတော်ဝင်နေ ပန်လုံစော်ဘွားကြီးဝဏ္ဏကျော်ထင် (ဦးစဝ်ခွန်ဆမ်-ဒေါ်စဝ်နန်းဆွေ)တို့၏ ချစ်လှစွာသော သမီးကြီး၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစဝ်ခွန်ထွန်းလူ(ခ)ဦးဒီကီ-ဒေါ်စောနန်းပန်(ခ)ဒေါ်မာဂရက်၊ [ဦးခွန်ထွန်း-ဒေါ်စဝ်နန်းအုပ်(ခ)ဒေါ်လော်ရင်းခွန်ဆမ်]၊ [ဒေါ်စဝ်နန်းပန်(ခ)ဒေါ်ဖိန်းခွန်ဆမ်]၊ (ဦးစဝ်ခွန်ဖုန်း)၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးစဝ်ခွန်သန်းထွန်း)၊ ဦးခွန်ပြည်သာစိုး(ခ)ဦးခွန်ခယ်၊ (ဒေါ်စဝ်ဆောင်းခွန်ဆမ်) တို့၏ ချစ်လှစွာသော အစ်မကြီး၊ (ဦးစဝ်ခွန်ဘုန်းမြတ်စိုး)- ဒေါ်လှလှ၊ ဦးခွန်စောမင်းခေါင်-ဒေါ်စန်းစန်း(ခ) ရှင်းရှင်း၊ ဒေါ်စောသန္တာထွန်း၊ ဦးခွန်ရဲမင်းကိုကို-ဒေါ်အင်ကြင်းသူရ၊ ဦးခွန်သီဟကိုကို-ဒေါ်အေးဝင်းဝင်းထိုက်၊ ဒေါ်စောဝတ်မှုံ၊ ဒေါ်စောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ ချစ်လှစွာသော ကြီးကြီး၊ မစဝ်မြတ်စိုးစံ၊ မောင်စဝ်ဘုန်းမင်းထက်၊ မောင်ခန့်ဟိန်းသီဟ၊ မရွှေရတီခင်၊ မောင်ခွန်မင်းထက်ခေါင်တို့၏ ချစ်လှစွာသော အဘွားဖြစ်သူ ဒေါ်စဝ်နန်းအမ်ဆောင်(ခ)ဒေါ် Violet ခွန်ဆမ်သည် ၁၅-၁၀-၂၀၁၉ရက် ည ၇:၅၀ နာရီ တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(D/3)၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာ အိမ်ရာ၊ တာမွေမြို့နယ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မင်း (သဲအင်းယောဂီ)

### အသက်(၅၀)

CDC-25839 (Chief Officer)

MV. JIA DE

ရန်ကုန်မြို့နေ ဦးတင်မြင့်-(ဒေါ်သန်းမြ)တို့၏ ချစ်လှစွာသောသား၊ (ဦးကျော်ဇော-ဒေါ်မြင့်ရီ)တို့၏ ချစ်လှစွာသောသားသမက်၊ ဒေါ်ရီရီကျော်၏ ချစ်လှစွာသောကျေးဇူးရှင်ချစ်ခင်ပွန်း၊ ကိုပြည့်ဖြိုးဇော်(O/S,Uniteam Marine)၊ မရွှန်းပပအောင် တို့၏ ချစ်လှစွာသောဖခင်၊ ဦးတင်ထွဋ်ဦး-ဒေါ်ခင်နုနုလွင်၊ ဦးဗိုလ်စိုးမင်း-ဒေါ်ညိုညိုဝင်း၊ ဦးဝင်းနိုင်ထွန်း-ဒေါ်မျိုးမျိုးသော်တို့၏ ချစ်လှစွာသော ညီ/အစ်ကို၊ ဦးကျော်မြင့်-ဒေါ်စန္ဒာအောင်၊ ဦးကျော်တင့်-ဒေါ်ပြုံးပြုံးမူ၊ (ဦးစိုးသိန်း)-ဒေါ်ခင်လေးမြင့်၊ (ဦးကျော်မင်း)၊ ဦးရင်မောင်မောင်-ဒေါ်ခင်လေးရီ၊ ဦးကျော်ဝင်း-ဒေါ်မြစန်းကြည်၊ ဦးထွန်းထွန်း-ဒေါ်ခင်မြရီ၊ ဒေါ်ဒီးဒီး၊ ဦးငွေဦး-ဒေါ်မိုးမိုးကျော်၊ ဦးဇာနည်ကျော်-(ဒေါ်ဝတ်ရည်သန့်)၊ ဦးမျိုးမြင့်ကျော်-ဒေါ်မြင့်မြင့်စိုး တို့၏ ချစ်လှစွာသော ညီ/မောင်၊ တူ ၁၅ ယောက်၊ တူမ ၁၁ ယောက် တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့(Kawasaki)အနီး MV.JIA-DE သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေး အကြောင်းအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံအသိပေးကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၃၁)၊ ခုနစ်လွှာ(A)၊ သီတာလမ်း၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

## ဒေါ်ခင်မေချစ်(ခ) အန်တီချစ် (၇၄)နှစ်

(ကုန်သွယ်၊ လယ်ယာ) (ငြိမ်း)

ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးကိုကြီး-ဒေါ်ရှမ်း)တို့၏ စတုတ္ထသမီး၊ ဦးအေးမြင့် (ဥပဒေအရာရှိ၊ ငြိမ်း)၊ (၈၈၈၈ အင်အားစု၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့) ၏ ဇနီး၊ (ဦးမျိုးကိုကိုအောင်)-ဒေါ်စိုးသန္တာဖြိုး၊ ဗိုလ်ကြီးမျိုးဝင်း (ငြိမ်း)-ဒေါ်သဇင်အေး၊ ဦးသက်နွေးအောင်(ခ) ဘန်နီ (ဘန်နီ ဖုန်းအမျိုးမျိုးရောင်းဝယ်ရေး)-ဒေါ်ခြူးခြူးအေး၊ ဟာဂျီ အောင်ဇင်မိုး-ဒေါ်ရတနာအေး (တရားလွှတ်တော်ရှေ့နေ) တို့၏ ကျေးဇူးရှင်မွေးသမိခင် မိုနာအေး၊ နိုရာအေး၊ ဒိုရာအေး၊ ရှာရှား၊ အားအားတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၆-၁၀-၂၀၁၉ ည ၉:၃၀ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၇-၁၀-၂၀၁၉(ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ဇဟိုရ်နမာဇ်အပြီး ကလေးမြို့၊ အိပ်စွပ်ကာပါစတန်သို့ ပို့ဆောင် ဒပ်ဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်ရွှေ (စံပြကျူရှင်)

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၄၇)နေ (ဦးကျော်ရွှေ)-ဒေါ်ကြင်အေး တို့၏ သားကြီး၊ (ဦးသိန်းမောင်)-ဒေါ်အုန်းမြင့် တို့၏ သားသမက်၊ ဦးဝိစိတ္တ (ဒေးစွန်ပါ)၏ ညီ၊ နေပြည်တော်၊ ပုဗ္ဗသီရိနေ ဦးမြင့်သောင်း-ဒေါ်တင်အေးမေ တို့၏မောင်၊ အင်းစိန်မြို့နေ ဦးသန်းမြင့်ရွှေ-ဒေါ်အေးအေးမြင့်၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်နေ ဦးသန်းဝင်းရွှေ၊ ဒုရဲမှူး ဒေါ်စမ်းစမ်းမေ (သတင်းရဲတပ်ဖွဲ့)တို့၏ အစ်ကို၊ ဗိုလ်ကြီးအောင်ခိုင်-ဒေါ်ဖြိုးသီရိမော်တို့၏ ဦးကြီး၊ မောင်အောင်ဖြိုးပိုင်၏ ချစ်လှစွာသော ဖခင်၊ ဒေါ်ညိုညိုစန်း (အထက-၅၊ မင်္ဂလာဒုံ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၄၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## မညိုညိုစန်း

(TAL Trading Company Ltd)

### အသက် (၄၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၃၃)၊ လေးလွှာ (A)နေ ဦးအောင်မြို့-ဒေါ်သောင်းသောင်းအေးတို့၏ ချစ်လှစွာသောသမီး၊ ကိုသန်းထွန်းဦး-မစန္ဒာကြူ၊ ကိုမောင်မောင်မြင့်-မခင်မျိုးသန်း၊ ကိုဝင်းလှိုင်ထွန်း-မလှလှဝင်း၊ ကိုလင်းလင်းထွန်း-မစိုးစန္ဒာကျော် (TAL Trading Co., Ltd.)တို့၏ ညီမ၊ ကိုထင်လင်းအောင်-မပြည့်ပြည့်အောင်၊ ကိုထွန်းဇေယျာလင်း၊ ကိုအောင်ကိုထွေး-မထက်ထက်အောင်တို့၏ အစ်မသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြသိန်း(ခ) ဦးမြရွှေ

### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် (၈၉)၊ ငုဝါလမ်း၊ စော/တောင်ရပ်ကွက်၊ အလုံမြို့နယ်နေ ဒေါ်စိန်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်တင်တင်ကြည်၊ ဦးစမျိုးအောင်ဦး-ဒေါ်တင်ဝင်း၊ ဒေါ်နန့်ကေသီခိုင်၊ ဒေါ်နန့်သီတာခိုင်တို့၏ ချစ်လှစွာသော ဖခင်၊ ဦးနေမျိုးလှိုင်-ဒေါ်ခိုင်စပါယ်ဝင်း၊ မဇင်မာနွယ်ဝင်း၊ မောင်သူထူးဇံတို့၏ ချစ်လှစွာသော အဘိုးသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေ

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ် (၂၄က-ပထပ်)နေ (ဦးအုံးမောင်-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးမျိုးအောင်)-ဒေါ်နွဲ့၊ (ဦးအောင်သိန်းလင်း)-ဒေါ်ချိုမာရီ၊ ဦးမြင့်နိုင်-ဒေါ်ဝင်းဝင်းကြိုင်၊ ဦးတင်အောင်စိုး-ဒေါ်ခင်မာရီ၊ (ကိုဘုန်းလှကျော်) တို့၏ မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်စွာဝင့် (ခ) ဦးသံမဏိ

### အသက် (၇၄)နှစ်

ကန်တော်ကလေး/မြောက်ဒဂုံ

(ဦးကိုကိုကြီး-ဒေါ်မြသိန်း)တို့၏ သား၊ (ဦးသိန်းလွင်-ဒေါ်တင်ယုံ)တို့၏ သားသမက်၊ ဒေါ်ရီရီလွင် (ဦးစီးအရာရှိ-ငြိမ်း၊ CSO) ၏ ခင်ပွန်း၊ (ဦးဇော်မဏိ)-ဒေါ်ခင်ငြိမ်းနွယ်၊ ဦးဝင်းမဏိ-ဒေါ်သန်းသန်းဦး၊ ဦးချစ်ကိုကို-ဒေါ်မိုးနွယ်၊ ဒေါ်ယဉ်ယဉ်ထွေး (လ/ထ ညွှန်မှူး-ငြိမ်း၊ YCDC)၊ ဦးမြင့်ဦးသိန်း၊ ဦးရဲလွင်၊ ဒေါ်လှလှသွင်၊ ဦးလေးလွင်၊ ဦးတင့်လွင်တို့၏ အစ်ကိုကြီး၊ မဝင့်ရီသိန်း၊ မမီမီသိန်း၊ မမေဖြိုးမွန်တို့၏ မွေးသဖခင်၊ မောင်ဝင့်ကျော်သူဟန်၏ အဘိုးသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြား အပ်ပါသည်။ [ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မန္တလေးလမ်း၊ အမှတ် (၁၆၃) နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှဝင်း (B.A ပထဝီဝင်)

### အသက်(၆၅)နှစ်

အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း (ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ အမှတ်(၂၀-B)၊ ငုက်ပျော်တောလမ်းနေ (ဦးတင်အေး-ဒေါ်ညွန့်ကြည်)တို့၏ သမီး၊ [ဦးစိန်ထွန်း(တိုင်းရင်းသမားတော်)-ဒေါ်လှစိန်]တို့၏ သမီးချွေးမ၊ ဦးမျိုးမြင့် (တိုင်းရင်းသမားတော်)၏ ဇနီး၊ ဗိုလ်ကြီးမျိုးမောင်မောင်(ဆေးကုသမှုပါရဂူ)၊ မောင်မင်းထွန်း(AGD Bank)-မချမ်းမြေ့သူ(ကမ္ဘောဇဘဏ်)တို့၏ မိခင်၊ အိမ့်ရတနာ၏ အဘွား၊ ဒေါ်ခင်သန်းနွဲ့ (အလက-၃၊ သင်္ချာန်းကျွန်း-ငြိမ်း)၊ (ဦးမျိုးကြည်)-ဒေါ်မာမာကြည် တို့၏ ညီမ၊ ဦးလှိုင်ငြိမ်း-ဒေါ်ခင်ဆွေဝင်း [အမှတ်(၂) သတ္တုတွင်းလုပ်ငန်း-ငြိမ်း]၊ ဦးဝင်းညွန့်(မြန်မာ့ရေကြောင်း)-ဒေါ်ချယ်ရီဦး တို့၏ အစ်မသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၈:၁၅ နာရီတွင် အမှတ်(၂)၊တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မျိုး(ခ) ဦးခင်ဇော်

(သင်္ဘောသား အရာရှိဟောင်း)

### အသက် (၅၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ပြေ (၂၀)လမ်း၊ အမှတ်(၁) နေ (ဦးမောင်မောင်)-ဒေါ်မြမြတို့၏ သားကြီး၊ (ဦးခင်မောင်-ဒေါ်မြင့်စိန်)တို့၏သားသမက်၊ ဦးမြင့်ဇော်-ဒေါ်နီနီကျော်၊ ဦးစိုးပိုင်-ဒေါ်မိုးမိုး၊ ဦးလွင်မျိုး၊ ဦးဝင်းထွန်း-ဒေါ်သန္တာ၊ ဒေါ်ငုတို့၏ အစ်ကိုကြီး၊ သာကေတမြို့နယ်၊(၁) ရပ်ကွက်၊ ထူးပါရုံ (၁၀)လမ်းအနောက်၊ အမှတ် (၉၂၀) နေ ဒေါ်ရီရီခင် (ခ) ဒေါ်လဲ့လဲ့၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်တင်ကိုကို-မပွင့်မာခင်၊ မောင်နိုင်လင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မယွန်းပွင့်ကိုကို၏ အဘိုးသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁:၃၀ နာရီအထိ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူးပါရုံ (၁၀) လမ်းအနောက်၊ အမှတ် (၉၂၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဝန်ဆောင်ဆရာတော်

## ဆရာတော်ဘဒ္ဒန္တ ပညိန္ဒ

### သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ကင်းရွာနေ ခမည်းတော်ဦးကြယ်-မယ်တော်ဒေါ်အေးညိုတို့၏ သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဝန်ဆောင်ဆရာတော် ဆရာတော်ဘဒ္ဒန္တ ပညိန္ဒ မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)၊ ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၀၀:၂၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)၊ ၁၈-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊ ဓမ္မမိသားစု အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပဏ္ဍိတာရာမ၊ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ဗဟန်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ဘဝနတ်ထံပျံလွန်တော်မူသွားသော ဆရာတော်အား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေပွဲကို ပဏ္ဍိတာ ရာမ၊ရွှေတောင်ကုန်းသာသနာ့ရိပ်သာ(ဗဟန်း)သို့ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၉ နာရီထိ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့

ပဏ္ဍိတာရာမ၊ရွှေတောင်ကုန်းသာသနာ့ရိပ်သာ(ဗဟန်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေးမြင့်(ခ)SIN NYUNT SHAUNG

### အသက်(၈၁)နှစ်

Seattle, USA

ရန်ကုန်မြို့နေ (ဦးရောင်းစိန်-ဒေါ်ယုံ)တို့၏ မြေး၊ [ဦးသောင်းတင်(ခ) ချင်ခေါင်ဟွာ-ဒေါ်ကျင်ဆိုင်]တို့၏ သမီး၊ (ဦးဖွာယုံ-ဒေါ်စု)တို့၏ သမီးချွေးမ၊ ဒေါ်သင်းသင်း-ဦးအောင်နိုင်၊ ဦးအောင်မြင့်-ဒေါ်ကြင်နု တို့၏ အစ်မ၊ အမေရိကန်နိုင်ငံ Seattle မြို့နေ ဦးကြည်ကောင်း၏ ဇနီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၇၈)နေ ဒေါ်ကြည်ကြည်လှိုင်၊ ဒေါ်မြင့်မြင့်လှိုင် (Seattle, USA)၊ ဒေါ်ရီရီလှိုင် (Sattle, USA)-ဦးမင်းစိုး၊ ဦးအောင်သူလှိုင် (Seattle, USA)-ဒေါ်မေသူပိုင်၊ ဒေါ်သင်းသင်းလှိုင် (Seattle, USA) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဖူးသဥ္ဇာကို (Grade-9, အ-ထ-က-၂၊ လသာ)၊ မောင်ဇေရဲရင့်ပိုင် (Grade-6, အထက-၁၊ လသာ)တို့၏ အဘွား ဒေါ်ခင်အေးမြင့်(ခ)SIN NYUNT SHAUNG သည် ၁၃-၁၀-၂၀၁၉ ရက် ဒေသစံတော်ချိန် ညနေ ၃:၅၀ နာရီတွင် UW Medicine, Northwest Hospital & Medical Center ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ ရက် ဒေသစံတော်ချိန် နံနက် ၉:၃၀ နာရီတွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအုန်းခိုင် (ရွှေပုပ္ပားသွေးဆေး) စံကားဝါပရဟိတ

(စံကားဝါပညာဒါန သရုပ်ဆောင်သင်တန်း)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၂)၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ (ဦးကိုကိုကြီး-ဒေါ်မြမေ)တို့၏ သားလတ်၊ (ဦးကျင်သိန်း-ဒေါ်စိန်တင့်)တို့၏ သားသမက်၊ (ဒေါ်ကျင်မြရီ)၏ ခင်ပွန်း၊ (ဦးတင်အောင်-ဒေါ်ရင်နု)၊ (ဦးအုန်းလှိုင်)-ဒေါ်ရီ တို့၏ ညီ/မောင်၊ (ဦးမောင်မောင်)-ဒေါ်နီနီငွေး တို့၏ အစ်ကို၊ ကိုမင်းဇော်-မမြကေခိုင်၊ ကိုသန်းထိုက်အောင်-မခိုင်မဥ္ဇူမိုး၊ ကိုဖြိုးပိုင်-မစုမေခိုင် တို့၏ ဖခင်၊ မောင်ကောင်းတေဇဟိန်း၊ မောင်အံ့ဘုန်းပိုင်၊ မောင်သန့်သူရဟိန်း၊ မအိမ့်မေပိုင်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၇-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးကျော်ဆွေ(ခ)Henry

(ပြင်ဦးလွင်)

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ရွှေဘိုလမ်း၊ အမှတ်(၇)နေ ဒေါ်သူဇာရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစီမောင်-ဒေါ်မမကြီး)တို့၏ တတိယသား၊ မသဲဦးဆွေ(ခ)Monica Trutwein-Lloyd Trutwein ၊ ကိုဇာနည်အောင်-မစန္ဒာဝင်း တို့၏ ချစ်လှစွာသော ဖခင် Dylan Trutwein, Ashley Trutwein, မအိမ့်မှူးခန့် တို့၏ ချစ်လှစွာသော အဘိုးသည် ၁၅-၁၀-၂၀၁၉ ရက် နံနက် ၀၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်ဝတ်ပြုဆုတောင်းခန်းမ၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ (နေအိမ်နှင့် စိန့်ဖရန်စစ်ဘုရားကျောင်းမှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်မေစီစိန် (၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တိုက်အမှတ်(၁၃၈/ဃ)၊ အခန်း(၂/ဃ)နေ (ဦးချစ်စိန်)-ဒေါ်ကြင်စီ တို့၏ သမီးကြီး၊ (Dr.ထွန်းမင်း)-ဒေါ်အေးခင် တို့၏ သမီးချွေးမ၊ Dr.အောင်မင်း၏ ချစ်လှစွာသောဇနီး၊ ဦးမင်းစိန်-ဒေါ်မြစန္ဒီမြင့်၊ ဦးမင်းလွင်-ဒေါ်စံပယ်ဝင်း၊ ဦးတင်မောင်သွင်-ဒေါ်နီလာစိန်၊ ဒေါ်သီတာစိန်၊ ဦးကျော်ဝင်း-ဒေါ်မာလာစိန်တို့၏ အစ်မကြီး၊ ကိုမြတ်ထက်အောင်မင်း-Dr.ဆုမွန်ကျော်ဝင်း၊ ကိုခိုင်မိုးအောင်မင်း-မဆိုင်းဆောင်မ် တို့၏ မိခင်၊ မမြတ်ကြည်လင်၊ မောင်မိုးသား၊ မောင်မြတ်တည်ကြည်၊ မောင်မိုးသောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား

## မသန်စွမ်းသူတိုင်းသည် အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒုတိယအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညီလာခံတွင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မသန်စွမ်းမှုဆိုင်ရာ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူဦးရေ ခန့်မှန်း ၁ ဘီလီယံခန့်ရှိသည်ကိုသိရှိရပါကြောင်း၊ အဆိုပါ မသန်စွမ်းသူ ၁၀ ဦးတွင် မသန်စွမ်းကလေးသူငယ် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

**၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြပြီး ယင်းတို့အနက် ၈ သိန်း ၃ သောင်းကျော်သည် ဉာဏ်ရည်မသန်စွမ်းသူများဖြစ်**

## Egypt International 2019 ကြက်တောင်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ သက်ထားသူဇာ၏ ပွဲစဉ် ယနေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် International Series ပြိုင်ပွဲဖြစ်သော Egypt International 2019 ကြက်တောင်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကြက်တောင်မယ် သက်ထားသူဇာ၏ ပွဲစဉ်လည်း ပါဝင်နေသည်။

**စတင်ကစားရမည်**

သက်ထားသူဇာသည် လက်ရှိချန်ပီယံဖြစ်သောကြောင့် ဆီဒင်-၁ သတ်မှတ်ခံထားရပြီး ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ကာ လက်ရည်စစ်ပွဲအောင်မြင်သည့် ကစားသမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သက်ထားသူဇာသည် ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်ပြီး ၂၀၁၈ ခုနှစ်က ကျင်းပသည့်ပြိုင်ပွဲတွင် ဗိုလ်စွဲထားကာ သူ့ဘဝ International Series ပြိုင်ပွဲတွင် ပထမဆုံး ဗိုလ်စွဲခဲ့သည့်ပြိုင်ပွဲလည်းဖြစ်သည်။ သက်ထားသူဇာသည် စက်တင်ဘာလက ကျင်းပသည့်ပြိုင်ပွဲများတွင် ချန်ပီယံဆုနှင့်လွဲချော်ခဲ့ပြီး ဒုတိယ၊ တတိယတို့နှင့် ကျေနပ်ခဲ့ရသောကြောင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**




ကြေးမုံ ယနေ့ ဖတ်စရာ

လူတိုင်းဘဝသာယာရေး စာတတ်မြောက်ရေး ဝိုင်းကူပေး — ဆောင်းပါး စာမျက်နှာ » ၁၀

ဂျပန်ကေရာဇ် နန်းတက်ပွဲပြီးနောက် အောင်ပွဲခံစီတန်းလှည့်လည်ခြင်းကို ရက်ရွှေ့ဆိုင်း — စာမျက်နှာ » ၁၂

တူရကီနှင့် ဆီးရီးယားကြား ပြေလည်အောင် စေ့စပ်ပေးလိုဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား — စာမျက်နှာ » ၁၃



